ISP နှင့်အတူ မိနစ် ၃၀

30 MINUTES with the ISP

အမှတ်-၃ • ၂၀၂၄ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ဖြန့်ချိပါသည်။

ISP Series

# ရှင်သူမှာပင် အသက်ရှူရပ်မတတ်

## ရေနစ်သူ ဝါးကူထိုးသည့် စစ်မှုထမ်းဥပဒေ

၂၀၂၄ ခုနှစ် ဇူလိုင် ၁၄ ရက်တွင် ပြုလုပ်ခဲ့သော 'ISP နှင့်အတူ မိနစ် ၃၀' (30 Minutes with the ISP) အစီအစဉ်မှ ဆွေးနွေးချက်များအား စုစည်းဖော်ပြခြင်းဖြစ်ပါသည်။



Design: San Win

ISP နှင့်အတူ မိနစ် ၃၀

**30 MINUTES with the ISP**

## ရှင်သူမှာပင် အသက်ရှူရပ်မတတ်

ရေနစ်သူ ဝါးကူထိုးသည့် စစ်မှုထမ်းဥပဒေ

### အယူအဆမှတ်စု

ပြည်သူ့စစ်မှုထမ်းဥပဒေ(၂၀၁၀) ကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှာ စတင်ပြီး အသက်ဝင်ကျင့်သုံးမယ်လို့ စစ်ကောင်စီက ကြေညာခဲ့ပါတယ်။ အဲဒီကြေညာချက်ဟာ ရုတ်ခြည်းဆန်လှပါတယ်။ မြန်မာ့လူ့အဖွဲ့အစည်းကို လှုပ်ခတ်သွားစေတာပါ။ နောက်ပိုင်းမှာ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေက ဘယ်သို့၊ ကင်းလွတ်ခွင့်ကဘယ်လိုဆိုပြီး ကြေညာထုတ်ပြန်နေခဲ့ပေမဲ့လည်း လုပ်ငန်းစဉ်တခုလုံးက ရှင်းလင်းမနေပါဘူး။ အဲဒီနောက် ပထမသုတ်အပတ်စဉ်ကို ၂၀၂၄ ခုနှစ် ဧပြီလမှာ စတင်ခဲ့ပါတယ်။ အခု တတိယသုတ်အထိ ရောက်လာသလို ပထမသုတ် သင်တန်းဆင်းကာလလည်း ဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းဥပဒေဟာ မြန်မာ့ရပ်ရွာလူ့အဖွဲ့အစည်းအတွက် ဘူးလေးရာဖရုံဆင့် ပဋိပက္ခစစ်ပွဲတွေအပြင် ကျန်တဲ့ လူမှုစီးပွားဒုက္ခတွေအကြား ပိုလို့ ဒုက္ခဆင့်စေခဲ့ပါတယ်။ မရှိဆင်းရဲကျောမွဲတွေအဖို့ တခြားရွေးချယ်စရာ နည်းလမ်းမရှိပါဘူး။ စစ်သားစုဆောင်းတဲ့ စာရင်းပေါက်လာရင် လိုက်သွားရင်သွား၊ ဒါမှမဟုတ် ရှောင်ပြေးကြရုံပါပဲ။ အချို့သော လူငယ်တွေကလည်း နီးစပ်ရာ ပြည်သူ့ကာကွယ်ရေးတပ် (PDFs/LDFs) တွေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAOs) တွေဆီ သွားရောက်ကြပါတယ်။

လက်တွေ့မျက်တွေ့မှာလည်း ရပ်ရွာလူထုအပေါ် ထိခိုက်သက်ရောက်မှု ကြီးခဲ့ပါတယ်။ ပညာ၊ ဥစ္စာနည်းတဲ့ လူငယ်တွေဟာ လိုက်သွားရုံကလွဲလို့ တခြား ရွေးချယ်စရာရှိမနေပါဘူး။ တချို့မိဘတွေကတော့ ရှိတာလေး ထုခွဲရောင်းချပြီး သားသမီးတွေကို မြို့ပြ ဒါမှမဟုတ် ပြည်ပကို ရွှေ့ပြောင်းလုပ်သားတွေအဖြစ်နဲ့ ရှောင်ပြေးခိုင်းကြပါတယ်။ ‘ပြန်မလာနဲ့ ခါးစည်းခံမယ်’ဆိုတာ ရပ်ရွာထဲက အဖေအို၊ အမေအိုတွေရဲ့ အားတင်းစကား ဖြစ်လာနေပါတယ်။

ဆင်းရဲမွဲတေမှု မြင့်မားလာချိန်မှာ ပိုင်ဆိုင်မှုပစ္စည်းဥစ္စာ၊ အိုးစားမင်းစား ပိုလို့လျော့နည်းကျဆင်းလာနေပါတယ်။ တချို့နေရာတွေမှာ သားတွေက ရှောင်ပြေးရင် အိမ်မှာကျန်ရစ်တဲ့ မိဘတွေကို ငွေညှစ်တာတို့၊ ခြိမ်းခြောက်တာတို့၊ သားမရှိရင် အဖေကို စစ်မှုထမ်းရမယ်လို့ ပြောဆိုတာတွေကြောင့် မိသားစုလိုက် စွန့်ခွာပြေးကြရတာတွေလည်း ကြားနေရပါတယ်။ တတ်နိုင်သူ ကြေးရတတ်တွေအဖို့တော့ ကလေးတွေကို နိုင်ငံရပ်ခြားဆီ ပို့ကြသလို ပိုင်ဆိုင်မှုအရင်းအနှီးတွေကို ရွှေ့ပြောင်းအခြေချကြပါတယ်။ ထိုင်းနိုင်ငံမှာ ကွန်ဒိုတိုက်ခန်းအိမ်ရာတွေ အဝယ်တက်သလိုမျိုး ခနဉ်စွာရွှေ့ပြောင်းမှုတွေ သိသိသာသာ ဖြစ်ပေါ်နေပါတယ်။

ပဋိပက္ခပြင်းထန်နေတဲ့ ဒေသတွေမှာရှိတဲ့ EAOs တွေကလည်း အပြိုင်အဆိုင် အင်အားစုဆောင်းနေခဲ့ကြပါတယ်။ တချိန်တည်းမှာ ပြည်သူ့စစ်မှုထမ်းဥပဒေကို အကြောင်းပြုလို့ လူမျိုးစုတွေအကြား ပဋိပက္ခတွေ ပိုလို့ မြင့်မားလာဖွယ်ရှိပါတယ်။ အထူးသဖြင့် ရခိုင်ပြည်နယ်ထဲမှာ တိုက်ပွဲတွေ ပိုလို့ပြင်းထန်လာသလို စစ်သားသစ်အဖြစ် စုဆောင်းအသုံးပြုခံနေရတဲ့ ရိုဟင်ဂျာတွေနဲ့ ရခိုင်ရပ်ရွာလူထုအုပ်စုတွေအကြား ပဋိပက္ခတင်းမာမှု ပိုကြီးလာနေပါတယ်။ အချို့သော လူနည်းစုအုပ်စုငယ်တွေအဖို့ ပိုလို့ ထိခိုက်နစ်နာဖွယ် ရှိနေပါတယ်။ လတ်တလော ရှမ်းပြည်မြောက်ပိုင်းက တိုက်ပွဲတွေနဲ့အတူ စစ်ပွဲတွေကလည်း လားရှိုးလို၊ မိုးကုတ်လို၊ မတ္တရာလို မြို့ပြတွေဆီ ရောက်လာနေပါတယ်။ စစ်ရှောင်ကြရတဲ့ လူထုတွေရဲ့ ရင်နင့်ဖွယ်ပုံရိပ်၊ ဓာတ်လမ်းအမျိုးမျိုးကို တိုးလို့ မြင်တွေ့လာနေရပါတယ်။ လူမှုအသိုက်အဝန်းတွေအဖို့ ပိုလို့ ကွဲပြဲ၊ ပိုလို့ နစ်မွန်းစေမယ့် အခြေအနေပါပဲ။ ပဋိပက္ခကို စစ်အင်အားနဲ့ ဖြေရှင်းကြပြီးတဲ့နောက် တချိန် အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေးနဲ့ လက်နက်ဖြုတ်သိမ်းရေး၊ တပ်အင်အားလျှော့ချရေး၊ တပ်ဖျက်သိမ်းရေး (SSR) အပါအဝင် လုံခြုံရေးကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတခုလုံး ပိုလို့ခက်ခဲရှုပ်ထွေးစေမှာ သေချာနေပါတယ်။

ဒီအချိန်မှာတော့ ပြည်သူ့စစ်မှုထမ်းဥပဒေဟာ မြန်မာပြည်သူတွေရဲ့ အကျပ်အတည်းအတွက် ချောက်ထဲကို လုံးလုံးတွန်းချစေမယ့် ဆုံချက်တခုဖြစ်နေပါတယ်။ မြန်မာနိုင်ငံရဲ့ မြို့နယ် ၃၃၀ ထဲက သုံးပုံတပုံဖြစ်တဲ့ မြို့နယ် ၁၁၀ မှာ တွေ့ကြုံခံစားနေရတဲ့ လူမှု-စီးပွား အကျပ်အတည်း ပြဿနာတွေကို လေ့လာနေတဲ့ ISP-Myanmar ရဲ့ သုတေသနကွန်ရက် (Research Network) ကတဆင့်သိရတဲ့ အချက်အလက်တွေကလည်း ဒီအခြေအနေကို ထောက်ပြနေပါတယ်။ ဒီတကြိမ် ပြုလုပ်ခဲ့တဲ့ **‘ISP နှင့်အတူ မိနစ် ၃၀’** အစီအစဉ်မှာ ISP Research Network ရဲ့ သုတေသနအခြေပြု တွေ့ရှိချက်တွေကို အခြေခံပြီး ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ ထိခိုက်သက်ရောက်မှုတွေအကြောင်း ဆွေးနွေးထားပါတယ်။ ■

ISP နှင့်အတူ မိနစ် ၃၀

# 30 MINUTES with the ISP

## ရှင်သူမှာပင် အသက်ရှုရပ်မတတ်


### ရေနစ်သူ ဝါးကူထိုးသည့် စစ်မှုထမ်းဥပဒေ



သက်ကြည်စင်
Program Head
ISP Research Network Program
ဦးဆောင်ဆွေးနွေးသူ



စင်ဒီ
Program Assistant
ISP Research Network Program
ဆွေးနွေးဖက်



အင်ကြင်းမေ
Program Head
ISP Communications Department
အခမ်းအနားမှူး

ISP နှင့်အတူ မိနစ် ၃၀
30 MINUTES with the ISP



အင်ကြင်းမေ

Program Head

ISP Communications Department

အခမ်းအနားမှူး

ISP-Myanmar ရဲ့ အသစ်ဖန်တီးမှုတခုဖြစ်တဲ့ 'ISP နှင့်အတူ မိနစ် ၃၀' အစီအစဉ်ကို တက်ရောက်လာကြတဲ့ ကပြင်ရပ်ဝန်းသူ၊ ရပ်ဝန်းသားများအားလုံး မင်္ဂလာပါရှင့်။ ကျမကတော့ အင်ကြင်းမေပါ။ ဒီနေ့ အစီအစဉ်မှာ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အခုတကြိမ်မှာ 'ရှင်သူမှာပင် အသက်ရှူရပ်မတတ် - ရေနစ်သူဝါးကူထိုးသည့် စစ်မှုထမ်းဥပဒေ'ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

ဒီနေ့အစီအစဉ်ကို အပိုင်းသုံးပိုင်းနဲ့ စီစဉ်ထားပါတယ်ရှင့်။ ပထမပိုင်းအနေနဲ့ panelist တွေကနေ သုတေသနတွေ့ရှိချက်တွေကို ပထမဆုံးတင်ပြမှာဖြစ်ပြီး ဒုတိယအနေနဲ့ ကပြင်ရပ်ဝန်းသူ၊ ရပ်ဝန်းသားတွေဆီကနေ ကြိုတင်ကောက်ခံထားတဲ့ မေးခွန်းတွေကို တူရာစုပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။ တတိယအနေနဲ့ ဒီနေ့ဆွေးနွေးပွဲကို တက်ရောက်လာသူတွေရဲ့ မေးခွန်းနဲ့ မှတ်ချက်တွေကို လက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင့်။

'ISP နှင့်အတူ မိနစ် ၃၀' ဆိုတဲ့အတိုင်း အချိန်တိကျမှုကို အလေးထားပြီး အစီအစဉ်တခုလုံးကို မိနစ် ၃၀ ပဲ ကြာမြင့်အောင် စီစဉ်ထားပါတယ်ရှင့်။ မိနစ် ၃၀ အတွင်းမှာပဲ စဉ်းစားတွေးတောစရာတခုခု ရသွားနိုင်အောင်လည်း ကြိုးစားအားထုတ်ထားပါတယ်ရှင့်။ မေးခွန်းနဲ့ မှတ်ချက်တွေကို အခု live ဆွေးနွေးတာအပြင် နောက်ပိုင်းမှာ Email ကနေ ထပ်ပြီး ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်ရှင့်။

အခု အစီအစဉ်ကို DVB ရုပ်သံ သတင်းဌာနအပြင် ISP-Myanmar ရဲ့ ဝက်ဘ်ဆိုက်နဲ့ ဆိုရှယ်မီဒီယာတွေမှာလည်း ပြန်လည်ထုတ်လွှင့်သွားမှာ ဖြစ်ပါတယ်။ ဒီနေ့မှာ ဆွေးနွေးသွားမယ့်

- panelist တွေကတော့ ISP-Myanmar ရဲ့ Research Network Program က Program Head မသက်ကြည်စင်နဲ့ Program Assistant မစင်ဒီတို့ ဖြစ်ပါတယ်။ ဆွေးနွေးပွဲမစခင် အခုခေါင်းစဉ်နဲ့ပတ်သက်ပြီး လေ့လာချက်တချို့ကို ထုတ်နုတ်ထားတဲ့ video ကို ဖွင့်ပြချင်ပါတယ်။ အဲဒါပြီးရင် panelist တွေဖြစ်တဲ့ မသက်ကြည်စင်နဲ့ မစင်ဒီတို့က ဆက်ပြီး ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

30 **Minutes** with the **ISP**

ရှင်သူမှာပင် အသက်ရှူရပ်မတတ်
ရေနစ်သူ ဝါးကူထိုးသည့် စစ်မှုထမ်းဥပဒေ

ဆွေးနွေးမှုဗီဒီယိုဖိုင်ကို ISP YouTube Channel မှာ ကြည့်ရှုနိုင်ပါတယ်။
အခုအစီအစဉ်ကို အပတ်စဉ် တနင်္လာမနက် ၁၁း၃၀ နာရီနဲ့ ဗုဒ္ဓဟူးည ၇း၃၀ နာရီအချိန်တွေမှာ
DVB ရုပ်သံလိုင်းကလည်း ထုတ်လွှင့်ပေးနေပါတယ်။

SCAN THIS CODE

ISP နှင့်အတူ မိနစ် ၃၀

**30 MINUTES with the ISP**




သက်ကြည်စင်

Program Head

ISP Research Network Program

ဦးဆောင်ဆွေးနွေးသူ



ဟုတ်ကဲ့။ ဒီနေ့ 'ISP နှင့်အတူ မိနစ်၃၀' အစီအစဉ်ကို တက်ရောက်လာတဲ့ မိတ်ဆွေများ မင်္ဂလာပါရှင့်။ အခုလို အချိန်ပေး တက်ရောက်ကြတာကို ကျေးဇူးတင်ကြောင်း ကနဦးပြော ချင်ပါတယ်။ ဒီနေ့ဆွေးနွေးပွဲမှာတော့ ISP-Myanmar က ပြုလုပ်နေတဲ့ သုတေသန အကြောင်းအရာတွေထဲက တခုဖြစ်တဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေ သက်ရောက်မှုကြောင့် ဖြစ်ရတဲ့ လူမှုစီးပွား ထိခိုက်ခြင်းတွေအကြောင်းကို တစိတ်တပိုင်း ဆွေးနွေးသွားမှာပါ။

အစောပိုင်းမှာဖွင့်ပြခဲ့တဲ့ ဗီဒီယိုဖိုင်မှာ ပါသလိုပဲ စစ်အာဏာသိမ်းပြီး သုံးနှစ်ကျော်ကြာလာတဲ့ အချိန်မှာ ပိုမိုပြင်းထန်လာတဲ့ စစ်ရေးအခြေအနေနဲ့အတူ အခြားတဖက်မှာလည်း သဘာဝ ကပ်ဘေး၊ လူလုပ်ကပ်ဘေးတွေကြောင့် တိုင်းပြည်ရဲ့အနေအထားဟာ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတွေမှာ အဘက်ဘက်က ယိုယွင်းကျဆင်းနေပါတယ်။ လက်ရှိမှာဆိုရင်လည်း ဧရာဝတီမြစ်ရေကြီးလို့ မြစ်ကြောင်းတလျှောက် ဆက်စပ်ရာဒေသက ပြည်သူတွေဟာဆို ရင် မြို့အလိုက် ရေမြုပ်တဲ့ဒေသက သူတို့ရဲ့ သိုလှောင်ထားတဲ့ စပါးသီးနှံတွေ အကုန်ပျက်စီး တဲ့အထိ ဒုက္ခတွေကို ကြုံနေကြရတာပါ။ တခါ ၁၀၂၇ တကျော့ပြန်စစ်ဆင်ရေးကလည်း လားရှိုးလို၊ မိုးကုတ်လို၊ မတ္တရာလို အတွင်းပိုင်းမြို့ကြီးတွေအထိ စစ်မီးကူးလာတာဖြစ်တဲ့ အတွက်ကြောင့် အိုးပစ်အိမ်ပစ်၊ သားတကွဲ မယားတကွဲ၊ ရှင်ကွဲသေကွဲတွေနဲ့ ကြုံနေကြရ တာပါ။ ရန်ကုန်မြို့မှာဆိုရင်လည်း ကာလဝမ်းရောဂါလို ကျန်းမာရေးပြဿနာတွေကြောင့် ထိတ်လန့်နေရပါတယ်။ ကုန်စည်တွေကလည်း ရှားပါးပြတ်လပ်တယ်။ ကုန်ဈေးနှုန်းတွေ ကလည်း အဆမတန် မြင့်မားနေတယ်။ ပြည်သူတွေရဲ့ ညည်းတွားသံကိုလည်း ကျမတို့ နေ့စဉ်ကြားနေရတာ ဖြစ်ပါတယ်။ ဒီလိုမျိုး ယိုယွင်းနေတဲ့ စီးပွားရေး၊ လူမှုရေးနဲ့ သဘာဝ ဘေး၊ လူသွမ်းလူရမ်းဘေး စတဲ့ ရန်သူမျိုးငါးပါးဘေး ကြုံနေရတဲ့အချိန်မှာ ကမောက်ကမ ▶

ကပြင်ရုပ်ဝန်း
ISP Myanmar

ISP RESEARCH NETWORK

## ရေနစ်သူ ဝါးကူထိုးသည့် ပြည်သူ့စစ်မှုထမ်းဥပဒေ




ကပြင်ရုပ်ဝန်း
ISP Myanmar

ISP RESEARCH NETWORK

## မြန်မာနိုင်ငံအကြောင်း သတင်းဌာနများနှင့် သုတေသနအဖွဲ့များ၏ တင်ပြမှု

၂၀၂၃ ခုနှစ် ဇွန်လမှ ၂၀၂၄ ခုနှစ် ဇွန်လအထိ ၁၃ လတာကာလအတွင်း ပြည်တွင်းပြည်ပ ထိပ်တန်း သတင်းမီဒီယာများနှင့် သုတေသနအဖွဲ့ ၁၀ ဖွဲ့၏ ဖော်ပြချက် **၃,၇၈၃** ခုကို ပိုင်းခြားလေ့လာ ဆန်းစစ်ခဲ့ရာ စစ်ရေးနှင့် နိုင်ငံရေးကို အများဆုံးဖော်ပြခဲ့ကြပြီး **၆၅ ရာခိုင်နှုန်း**ရှိခဲ့သည်။ နိုင်ငံတကာဆက်ဆံရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ အခက်အခဲများကို ဖော်ပြမှု **၂၅ ရာခိုင်နှုန်း** ရှိခဲ့ပြီး လူမှုစီးပွားအကျပ်အတည်းများနှင့်ပတ်သက်ပြီး ဖော်ပြမှုမှာ **၁၀ ရာခိုင်နှုန်း**သာ ရှိပါသည်။

| အကြောင်းအရာ | ဖော်ပြမှုရာခိုင်နှုန်း | ပြည်ပသတင်းမီဒီယာများ | သုတေသနအဖွဲ့များ | ပြည်တွင်းသတင်းမီဒီယာများ |
|---|---|---|---|---|
| စစ်ရေး/နိုင်ငံရေး | ၆၅% | ၈၂ | ၁၉ | ၂,၃၄၄ |
| နိုင်ငံတကာဆက်ဆံရေး/လူသားစာနာအခက်အခဲများ | ၂၅% | ၆၆ | ၁၁ | ၈၇၉ |
| လူမှုစီးပွားအကျပ်အတည်းများ | ၁၀% | ၂၄ | ၈ | ၃၅၀ |

ရင်းမြစ် : ISP-Myanmar

မူဝါဒတွေကလည်း ပြည်သူတွေရဲ့ နေ့စဉ်လူမှုဘဝပြဿနာတွေကို ဖြေရှင်းပေးရာ ရောက်မနေဘူး။ ပြည်သူတွေမှာ မြေနိမ့်ရာလှံစိုက်၊ နေ့စဉ်နဲ့အမျှ ကိုယ်ရော၊ စိတ်ပါ ဖိစီးမှုတွေကို ခံစားနေရတာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျမတို့က ပြည်သူတွေလို့ပြောရင် အနစ်နာဆုံးက အမျိုးသမီးနဲ့ ကလေးသူငယ်အပါအဝင် အောက်ခြေလူတန်းစားတွေက အဓိက အနေကျပ်အသေခက် ဘဝတွေ ဖြစ်လာပါတယ်။ သူတို့အတွက်က ကုန်ဈေးနှုန်းတက်ရင် သမုဒ္ဒရာဝမ်းတထွာအတွက် အာဟာရ ဖြစ်ဖြစ်၊ မဖြစ်ဖြစ်၊ ကျန်းမာရေးနဲ့ တည့်တည့်၊ မတည့်တည့် ဝမ်းမပူဆာရင်တော်ပြီဆိုတဲ့စိတ်နဲ့ အတင်းဖြေရှင်းနေရတဲ့အခြေအနေမျိုး ဖြစ်ပါတယ်။

ဒုက္ခမျိုးစုံကို ပြည်သူတွေရင်ဆိုင်နေရတဲ့အချိန်မှာ မြန်မာပြည်သူလူထု နေ့စဉ်ရင်ဆိုင်နေရတဲ့ လူမှုစီးပွားဒုက္ခတွေကို စနစ်တကျလေ့လာတာ၊ ရေးသားဖော်ပြတာနဲ့ အလေးပေးဆွေးနွေးမှုတွေက လူဖတ်များတဲ့ သတင်းမီဒီယာတွေနဲ့ သုတေသနအစီရင်ခံစာတွေမှာ နည်းပါးနေတာကို လေ့လာတွေ့ရှိရပါတယ်။ များသောအားဖြင့် မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေကို ဖော်ပြနေကြချိန်မှာ ဒီသတင်းတွေ၊ သုတေသနအစီရင်ခံစာတွေကို ကျမတို့ လေ့လာကြည့်တဲ့အခါမှာ အဓိက နိုင်ငံရေး၊ စစ်ရေး ပဋိပက္ခအခြေအနေ၊ ပြီးတော့ လူသားချင်းစာနာထောက်ထားမှုအခြေအနေနဲ့ အခုလက်ရှိတော်လှန်ရေးအခြေအနေပေါ့၊ ဒီလိုမျိုးအခြေအနေတွေကိုပဲ အများဆုံးဖော်ပြကြတာကို တွေ့ရပါတယ်။ အခုပါဝါပွိုင့်မှာ ပြထားတဲ့ အချက်အလက်တွေမှာ မြင်ရသလိုပဲပေါ့နော်။ လူအများစုက အာရုံထားပြီးဖတ်ကြတဲ့ မီဒီယာနဲ့ သုတေသနအဖွဲ့တွေက မြန်မာနိုင်ငံအကြောင်း ၁၃ လအတွင်းဖော်ပြခဲ့တဲ့အကြောင်းအရာ ၃,၇၀၀ ကျော်ကို ကျမတို့ လေ့လာခဲ့ပါတယ်။ လေ့လာခဲ့တဲ့အခါမှာ လူမှုစီးပွားအခြေအနေတွေကို အခြားအကြောင်းအရာဖော်ပြမှုတွေနဲ့ နှိုင်းယှဉ်တဲ့အခါ စစ်ရေးနဲ့ နိုင်ငံရေး ဖော်ပြချက်တွေက ၆၅ ရာခိုင်နှုန်းလောက်ရှိတာကို တွေ့ရပါတယ်။ လူမှုစီးပွားအကျပ်အတည်းကို ဇောင်းပေးပြီးဖော်ပြတာက ၁၀ ရာခိုင်နှုန်းလောက်ပဲ ရှိတာကို လေ့လာတွေ့ရှိရပါတယ်။ ဒါက တော်လှန်ရေးအရှိန်မြင့်လာတဲ့ တနှစ်အတွင်း နှိုင်းယှဉ်ချက်ပဲ ရှိပါသေးတယ်။

ဘာကြောင့် ဒါက ကျမတို့အတွက် အရေးပါတာလဲပေါ့။ သတင်းမီဒီယာတွေနဲ့ သုတေသနအဖွဲ့အစည်းတွေဟာ မူဝါဒချမှတ်သူတွေဖြစ်တဲ့ ပေါ်လစီအသိုက်အဝန်းအပေါ်ကို လွှမ်းမိုးနိုင်တယ်ပေါ့နော်။ ဒါ့အပြင် အများပြည်သူရဲ့ နေ့စဉ် ပြောဆိုဆွေးနွေးမှုတွေကို သူတို့ရေးသားဖော်ပြတဲ့အပေါ်မှာ အာရုံစိုက်လာအောင် လမ်းကြောင်းချပေးနိုင်တဲ့ ဩဇာသက်ရောက်မှုလည်း ရှိပါတယ်။ ဒီလိုမျိုး မီဒီယာနဲ့ သုတေသနအဖွဲ့အစည်းတွေကမှ ကျမတို့ ပြည်သူတွေ ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို အာရုံမထားဘူးဆိုရင် မူဝါဒချမှတ်သူတွေအကြား ပြည်သူတွေရဲ့ နေ့စဉ်လူမှုစီးပွားအခက်အခဲတွေကို အလေးပေးဆွေးနွေးမှုနဲ့ မူဝါဒဆွေးနွေးမှု

တွေမှာ အားနည်းသွားတာကို လေ့လာတွေ့ရှိနိုင်ပါတယ်။ ဒါ့အပြင် သူတို့အနေနဲ့က လူမှုရေး၊ စီးပွားရေးပြဿနာတွေကို ဖြေရှင်းဖို့ ကြိုးစားတဲ့အခါမှာလည်း တကယ့်ကို လက်တွေ့ကျတဲ့ မူဝါဒမျိုးထက်စာရင် လူတွေရဲ့အခက်အခဲတွေကို အသုံးချရုံ နိုင်ငံရေးဝါဒဖြန့်ဖို့ ရှုထောင့်ကပဲ စဉ်းစားလေ့ရှိတတ်ကြတာကို တွေ့ရပါတယ်။

တဖက်မှာကလည်း စစ်ကောင်စီခေါင်းဆောင်ကိုယ်တိုင်ပင်လျှင် အခုချိန်ထိ နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်အနေနဲ့ တိုင်းပြည်သာယာဝပြောရေးနဲ့ စားနပ်ရိက္ခာဖူလုံရေး ဒီနှစ်ခုအပေါ်မှာပဲ ရှေးရှုဆောင်ရွက်နေတယ်လို့ သူ့ရဲ့ မိန့်ခွန်းတွေမှာ အားတက်သရော ဝါဒဖြန့်ပြောဆိုနေတာကို တွေ့ရပါတယ်။ ဒါပေမဲ့ လူမှုစီးပွားဒုက္ခတွေကို ကိုင်တွယ်တဲ့အခါမှာတော့ လူထုအခက်အခဲကို ဖြေရှင်းပေးရတာမျိုးထက် ကုန်သည်တွေ၊ လုပ်ငန်းရှင်တွေကို ဖိအားပေးတာ၊ စစ်ဆေးအရေးယူတာ၊ ပြီးတော့ အခုဆိုရင် ပြည်သူတွေကို ဆန်ဆီကအစ ရာရှင်စနစ်နဲ့သုံးခိုင်းတဲ့ နည်းလမ်းဟောင်းတွေကိုပဲ သုံးနေတာကို တွေ့ရတယ်။ ပြီးခဲ့တဲ့တနှစ်အတွင်း စစ်ခေါင်းဆောင်ရဲ့ မိန့်ခွန်းတွေကို လေ့လာကြည့်တဲ့အခါမှာ လူမှုစီးပွားဒုက္ခတွေ ဖြစ်ရတဲ့အကြောင်းအရင်းခံဟာ စစ်ရေး၊ နိုင်ငံရေးပြဿနာတွေကြောင့်လို့ မမြင်ဘူး၊ ဒါကိုလည်း ဖြေရှင်းဖို့ ကြိုးစားမနေဘူးပေါ့နော်။ ဆိုတော့ အနာနဲ့ဆေး တခြားစီဆိုသလိုမျိုး တကယ့်ကို ခုတ်ရာတခြား၊ ရှရာတခြားဖြစ်တဲ့ ဒီကပြောင်းကပြန် မူဝါဒအလွဲတွေနဲ့ပဲ ဖြေရှင်းနေတာကို တွေ့ရတယ်ပေါ့နော်။ ဒါက အရင့်အရင် နဝတ၊ နအဖ စတဲ့ စစ်အစိုးရခေတ်တွေထက်တောင် ပိုဆိုးတဲ့ ဆေးခါးကြီးတွေ တိုက်နေသလို ဖြစ်ပါတယ်။

အခု ပါဝါပွိုင့်မှာ မြင်ရတဲ့အတိုင်းပေါ့နော်၊ လူမှုစီးပွား အကျပ်အတည်းဒုက္ခမျိုးစုံကို ပြည်သူတွေက ရင်ဆိုင်နေရတဲ့အချိန်မှာ စစ်ကောင်စီကတော့ အရင်းခံပြဿနာကို အဖြေမရှာနိုင်ဘဲနဲ့ အဓိက သူတို့လုပ်တာသည် ပြစ်တင်မှုနဲ့ ငြင်းဆန်မှုတွေပဲ လုပ်နေတာကို တွေ့ရပါတယ်။ တဖက်မှာကလည်း ပြည်တွင်းမီဒီယာနဲ့ သုတေသနအဖွဲ့တွေကျတော့ ဒီကိစ္စတွေအပေါ်မှာ အလေးပေးဖော်ပြမှုက စောစောက ကျမတို့ ရှင်းပြသွားတဲ့အကြောင်းအရာတွေထက်စာရင် နည်းပါးနေသေးတယ်။ ခေတ်စကားနဲ့ပြောရရင်တော့ motivation တက်ရုံ၊ နိုင်ငံရေးဝါဒဖြန့်မှုကိုပဲ အလေးပေးတာကို တွေ့ရတယ်။ ဒီအခြေအနေမှာ ပြည်သူ့စစ်မှုထမ်းဥပဒေကို စစ်ကောင်စီက အသက်သွင်းလာတာ ဖြစ်ပါတယ်။ ဆိုတော့ တကယ့်ကို လူမှုစီးပွားဒုက္ခပေါင်းစုံနဲ့ ရေနစ်နေရတဲ့ ပြည်တွေသူတွေကို ဘူးလေးရာ ဖရုံဆင့် ဆိုသလို ပြည်သူ့စစ်မှုထမ်းဥပဒေက ဝါးကူထိုးလိုက်တဲ့ အခြေအနေဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဆက်စပ်အခြေအနေကို မစင်ဒီက ဆွေးနွေးပေးပါဦးရှင့်။

ISP နှင့်အတူ မိနစ် ၃၀

**30 MINUTES with the ISP**



စင်ဒီ

Program Assistant

ISP Research Network Program

ဆွေးနွေးဖက်

ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ပတ်သက်ပြီးတော့ သက်ရောက်ဖြစ်တန်ခြေ ငါးရပ်ကိုလည်း ကျမတို့ ISP-Myanmar ရဲ့ ‘ကနဦးသုံးသပ်ချက် (ISP OnPoint) အမှတ်-၂၀’မှာ ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြန်ပြီးတော့ ကောက်နုတ်ပြောရမယ်ဆိုရင် ဒီပြည်သူ့စစ်မှုထမ်းဥပဒေကြောင့် ဖြစ်လာတဲ့ နောက်ဆက်တွဲ ကြီးမားတဲ့ဂယက်တွေထဲကမှ တခုဖြစ်တဲ့ အိမ်နီးချင်းနိုင်ငံတွေဆီကို ရွှေ့ပြောင်းလုပ်သားတွေအဖြစ်နဲ့ အစုလိုက်အပြုံလိုက် ရွှေ့ပြောင်းတာတွေကို စပြီးမြင်တွေ့နေရပြီ ဖြစ်ပါတယ်။ ဒီလိုရွှေ့ပြောင်းတယ်ဆိုတဲ့နေရာမှာလည်း ငွေကြေးတတ်နိုင်တဲ့သူတွေ၊ အခွင့်အလမ်းရှိသူတွေကတော့ တရားဝင်နည်းလမ်းနဲ့ သွားကြတာပေါ့လေ။ ငွေကြေးမတတ်နိုင်တဲ့သူတွေ၊ သွားဖို့အတွက် အခွင့်အလမ်း မရှိတဲ့သူတွေမှာကျတော့ ရရာနည်းလမ်းကို သုံးပြီးတော့ နောက်ဆုံးမှာ တရားမဝင် နည်းလမ်းတွေကိုလည်း သုံးမယ်။ ကိုယ့်တိုင်းပြည်ကို လုံးဝစွန့်ခွာသွားရတာမျိုးတွေလည်း ရှိနေပြီဆိုတာကို တွေ့ရတာ ဖြစ်ပါတယ်။

ISP-OnPoint အမှတ် ၂၀

ပြည်သူ့စစ်မှုထမ်းဥပဒေ

ဝရုန်းသုန်းကားအခြေအနေနှင့် သက်ရောက်ဖြစ်တန်ခြေ ငါးရပ်

SCAN THIS CODE


ကျမတို့ ISP-Myanmar ကနေ ကောက်ယူထားတဲ့ လူမှုစီးပွားအခြေပြုစစ်တမ်းမှာပြန်ပြီး လေ့လာကြည့်မယ်ဆိုရင်လည်း နဂိုကတည်းက ပြည်ပကိုရွှေ့ပြောင်းနေတဲ့သူတွေကတော့ မြို့နယ်အသီးသီးမှာ ရှိနေတယ်။ ဒါပေမဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေ အာဏာသက်ရောက်ပြီး တဲ့နောက်ပိုင်းမှာဆိုရင် ပိုပြီးတော့ များလာတာကို တွေ့ရပါတယ်။ ဥပမာ ပုံမှာပြထားတဲ့ အတိုင်းပေါ့နော်၊ အစုလိုက်အပြုံလိုက် ရွှေ့ပြောင်းကြတာကို လေ့လာကြည့်မယ်ဆိုရင် ဒီ ဥပဒေမထွက်ခင် ဇန်နဝါရီလထဲမှာဆိုရင် မြို့နယ် ခြောက်မြို့နယ်လောက်ပဲ ရှိတယ်။ ဒါပေမဲ့ ဖေဖော်ဝါရီလထဲကို ရောက်တဲ့အခါမှာဆိုရင် ၁၉ မြို့နယ်အထိ မြင့်တက်သွားတယ်ဆိုတာ မျိုးကို တွေ့နေရတာ ဖြစ်ပါတယ်ရှင့်။ ဒီလိုမျိုးအခြေအနေကို ကမ္ဘာ့ဘဏ်ရဲ့စစ်တမ်းနဲ့လည်း ပြန်ပြီး ချိန်ထိုးကြည့်မယ်ဆိုရင် မြန်မာနိုင်ငံ စီးပွားရေးရဲ့ အချက်အချာကျတဲ့ စိုက်ပျိုးရေး လုပ်ငန်း၊ နောက် ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေမှာဆိုရင် ဒီ ၂၀၂၃ ခုနှစ် ဧပြီလထက်စာရင် ၂၀၂၄ ခုနှစ် ဧပြီလမှာဆိုရင် လုပ်ငန်းခွင်က ထွက်ခွာသွားတဲ့၊ အလုပ်ထွက်တဲ့လုပ်သား ဦးရေက နှစ်ဆကျော်အထိ တိုးမြင့်လာတယ်ဆိုတာမျိုးကို တွေ့မြင်ရတာ ဖြစ်ပါတယ်ရှင့်။

ကပြင်ရပ်ဝန်း
ISP Myanmar

ISP RESEARCH NETWORK

## ■ ပြည်သူ့စစ်မှုထမ်းဥပဒေ အသက်ဝင်ပြီးနောက် အလုံးအရင်းရွှေ့ပြောင်းမှု ပိုများလာ

ISP Research Network ၏ သုတေသနပြု လေ့လာချက်အရ ပြည်သူ့စစ်မှုထမ်းဥပဒေ အသက်ဝင်ပြီးနောက်ပိုင်းတွင် ပြည်ပသို့ အများအပြားရွှေ့ပြောင်းမှုနှင့် အလုံးအရင်းရွှေ့ပြောင်း မှုများ ပိုများလာသည်။ လူ ၁၅၁ ဦးနှင့်အထက် အလုံးအရင်းရွှေ့ပြောင်းမှုများသည် ပြည်သူ့စစ်မှုထမ်းဥပဒေ အတည်မဖြစ်ခင် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ၌ မြို့နယ် ခြောက်ခုတွင်သာ ရှိခဲ့ ရာမှ ဥပဒေအတည်ဖြစ်ပြီး ဖေဖော်ဝါရီလတွင် ၁၉ မြို့နယ်အထိ မြင့်တက်ခဲ့ပါသည်။




မှတ်ချက် - ISP Research Network သည် မြို့နယ် ၁၁၀ တွင် သုတေသနစစ်တမ်းရယူမှုများ ပြုလုပ်နေသော်လည်း ယခုဖော်ပြထားသည့် အချက်အလက်များမှာ (ဒေတာရရှိမှု အကန့်အသတ်ကြောင့်) ၁၀၈ မြို့နယ်အပေါ်တွင်သာ အခြေခံတွက်ချက်ထားပါသည်။

ဆိုတော့ ဒီလိုမျိုးသွားကြတယ်ဆိုတော့ ဘယ်လိုနည်းလမ်းတွေ သုံးလဲပေါ့နော်။ ငွေကြေး မလုံလောက်ဘူးဆိုရင် သက်ဆိုင်ရာမိသားစုတွေက သူတို့မှာရှိတဲ့ လယ်တွေ၊ မြေတွေ၊ နောက်ဆုံး ရွှေ၊ ဒီလိုမျိုးပစ္စည်းတွေကို ပေါင်နှံရောင်းချပြီးတော့ ထောက်ပံ့ပေးနေရတာဖြစ်ပါတယ်။ တခါ သွားကြတဲ့အခါမှာ ပွဲစားတွေ၊ အေဂျင်စီတွေကနေ ချိတ်ဆက်ပြီး လုပ်ကြတဲ့အခါမှာ အလိမ်ခံလိုက်ရတယ်ဆိုတာမျိုးတွေက အများကြီး ဖြစ်နေတာဖြစ်ပါတယ်။ ဒီလိုမျိုး ပေါင်နှံရောင်းချဖို့တောင် မရှိဘူးဆိုရင်ကျ နောက်ဆုံး ချေးငှားပြီးတော့ပဲ ပေးကြရတာပေါ့လေ။ ဒီလိုနဲ့ပဲ ကျန်ရစ်တဲ့ မိသားစုဝင်တွေမှာလည်း အကြွေးနွံမှာ နစ်တာမျိုးတွေ ဖြစ်လာတယ်ဆိုတာကို တွေ့ရပါတယ်။ ဒါပေမဲ့ ဘယ်လိုဒုက္ခတွေ ရောက်နေရောက်နေ 'ပြန်မလာနဲ့ အားတင်းခံမယ်'ဆိုတာမျိုးက ဒီရပ်ရွာထဲမှာရှိတဲ့ အဖေအို၊ အမေအိုတွေရဲ့ အားတင်းစကားတခုလိုကို ဖြစ်လာတာပါ။ ဒီလိုမျိုး တဖက်ကိုရောက်သွားပြီဆိုရင်လည်း သူတို့ အဆင်မပြေသေးဘူးဆိုရင် ကျန်ရစ်ခဲ့တဲ့ မိသားစုဝင်တွေကပဲ မရှိရှိတာတွေကို ထုခွဲရောင်းချပေးပြီးတော့ ဖြေရှင်းနေကြတာမျိုးတွေ တွေ့ရပါတယ်။

ဒီလိုမျိုး အစုလိုက်အပြုံလိုက် ထွက်သွားတဲ့သူတွေကလည်း ရှိနေပြီ၊ ကျန်နေခဲ့တဲ့ သူတွေမှာလည်း ဒုက္ခပင်လယ်ဝေနေပြီပေါ့။ ဒါ့အပြင် နောက်ထပ်ကြီးမားတဲ့ သက်ရောက်မှုတွေကလည်း ရှိနေပါသေးတယ်။ ဒါတွေက ဘာတွေလဲဆိုရင် ကုန်ဈေးနှုန်း အဆမတန်ကြီးမားလာတာမျိုး၊ နောက် ပြည်သူတွေမှာ စိတ်မလုံခြုံတော့တာမျိုးပေါ့နော်။ ဒီလိုမျိုးတွေကလည်း အဆိုးရွားဆုံးအခြေအနေကို ရောက်ရှိနေတာ ဖြစ်ပါတယ်ရှင့်။ ဒီအခြေအနေတွေနဲ့ ပတ်သက်ပြီးတော့ အစ်မကပဲ ဆက်ပြီးဆွေးနွေးပေးပါဦးရှင့်။

ISP နှင့်အတူ မိနစ် ၃၀

**30 MINUTES with the ISP**



သက်ကြည်စင်

Program Head

ISP Research Network Program

ဦးဆောင်ဆွေးနွေးသူ

ကုန်စျေးနှုန်းကတော့ လေတိုက်တိုင်း တက်နေတယ်လို့တောင် ပြောရမလိုပါပဲ။ ကျမတို့ ISP-Myanmar က လေ့လာခဲ့တဲ့ မြို့နယ် ၁၁၀ ထဲမှာမှ ၉၁ ရာခိုင်နှုန်းဝန်းကျင်ဟာ အရင်နှစ်ကတည်းက ကုန်စျေးနှုန်းကြီးတဲ့ဒဏ်ကို အများဆုံးရင်ဆိုင်နေရတာဖြစ်တယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေ အသက်ဝင်ပြီးတဲ့ နောက်ပိုင်းမှာတော့ ပိုပြီးတော့ဆိုးလာတယ်။ ဥပမာ ပုံမှာပြထားတဲ့အတိုင်း ဆန်စျေးတမျိုးတည်းကိုပဲ ကြည့်မယ်ဆိုရင် အာဏာမသိမ်းခင်က ဧည့်မထဆန်ကြမ်းတအိတ်ဟာ ကျပ် ၂၇,၀၀၀ ကျော်ပဲ ရှိရာကနေ အခုဆိုရင် ကျပ် ၇၂,၀၀၀ ကျော်အထိ ဖြစ်လာပါတယ်။ သုံးနှစ်အတွင်း ပျမ်းမျှအားဖြင့် ရာခိုင်နှုန်း ၁၆၀ ကျော်ကနေ ၅၀၀ ကျော်အထိ တက်ခဲ့တာ တွေ့ရပါတယ်။ ဒီလိုမျိုး ကုန်စျေးနှုန်းမြင့်မားတာက လက်နက်ကိုင်ပဋိပက္ခဖြစ်တဲ့ဒေသတွေမှာ ပိုပြီးတော့မြင့်မားမှာ အသေချာပဲပေါ့နော်။ ဥပမာ ရခိုင်မှာဆိုရင် ကျမတို့ စစ်တမ်းအရတွေ့ရတာက ဒီနှစ် ဇွန်လထဲမှာ ဆန်ကြမ်းတအိတ်က ကျပ် ၁၉၀,၀၀၀ ကျော်အထိ မြင့်တက်ခဲ့တာကို တွေ့ရပါတယ်။


ပြည်သူ့စစ်မှုထမ်းဥပဒေကြောင့် နောက်ထပ် ကြီးမားတဲ့ဂယက်တခုကတော့ ပြည်သူတွေအားလုံးမှာ စိတ်လုံခြုံမှု မရှိတာပါပဲ။ မြို့နယ် ၁၁၀ မှာဆိုရင် နေထိုင်တဲ့ပြည်သူ ၉၀ ရာခိုင်နှုန်းဟာ စိတ်မလုံခြုံမှုကို ရင်ဆိုင်နေရတာ ဖြစ်ပါတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် ပြည်သူတွေအနေနဲ့က စီးပွားရေး၊ လူမှုရေးအဆင်မပြေမှုတွေကြားထဲမှာ ကိုယ်ကိုယ်တိုင်အပြင် ကိုယ့်မိသားစုဝင်တွေရဲ့ လုံခြုံရေးကိုပါ နေ့စဉ်နဲ့အမျှ စိုးရိမ်ပူပန်နေရတာဖြစ်တယ်။ တဖက်မှာလည်း နေ့စဉ်လူမှုဒုက္ခတွေဖြစ်တဲ့ မီးပြတ်တာ၊ အင်တာနက်ပြတ်တောက်တာ၊ အခုဆိုရင် VPN အထိပေါ့နော်။ ပြီးရင် စစ်ဘေးရှောင်ရတာ၊ တချို့နေရာတွေမှာဆိုရင် စားနပ်ရိက္ခာပြတ်လပ်လို့ အငတ်ဘေးဆိုက်ရတဲ့ အခြေနေအထိကို ကြုံတွေ့နေရတာ ဖြစ်ပါတယ်။

ကပြင်ရပ်ဝန်း
ISP Myanmar

ISP RESEARCH NETWORK

## ■ ဆန်ကြမ်းစျေးနှုန်း ၁၆၆ ရာခိုင်နှုန်းမှ ၅၀၀ ရာခိုင်နှုန်းကျော်အထိ မြင့်တက်

ISP Research Network ၏ သုတေသနပြု လေ့လာချက်အရ ဆန်ကြမ်းစျေးနှုန်းသည် စစ်အာဏာသိမ်းမှုအလွန် သုံးနှစ်တာကာလအတွင်း ပျမ်းမျှအားဖြင့် ၁၆၆ ရာခိုင်နှုန်းမှ ၅၅၀ ရာခိုင်နှုန်းနီးပါးအထိ မြင့်တက်ခဲ့ပါသည်။ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရာဒေသများတွင် ပိုမိုများပြားနိုင်ပြီး ဥပမာအားဖြင့် ရခိုင်ပြည်နယ်ပေါက်စျေးနှင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်း ၆၀၀ ကျော်အထိ မြင့်တက်ခဲ့ပါသည်။





ရင်းမြစ် ፡ ISP Research Network ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဆန်ရည်ညွှန်းစျေး

ကပြင်ရပ်ဝန်း
ISP Myanmar

ISP RESEARCH NETWORK

## ■ စိတ်ပိုင်းဆိုင်ရာမလုံခြုံမှုကို အများဆုံးတွေ့ကြုံနေကြရ

မြန်မာနိုင်ငံရှိ မြို့နယ်ပေါင်း ၃၃၀ အနက် မြို့နယ် ၁၁၀ ၌ ကြုံတွေ့နေရသော လူမှုစီးပွားအခြေအနေများကို လေ့လာနေသည့် ISP Research Network ၏ တနှစ်ကျော်ကာလအတွင်း တွေ့ရှိချက်များအရ နိစ္စဓူဝ ရင်ဆိုင်နေရသည့် ဒုက္ခများထဲတွင် စိတ်ပိုင်းဆိုင်ရာမလုံခြုံမှုကလည်း များပြားနေသည်။ မြို့နယ် ၁၁၀ ၏ ၉၀ ရာခိုင်နှုန်းနီးပါးတွင် ထိုအခြေအနေကို ရင်ဆိုင်နေရပါသည်။ အတင်းအကျပ် ငွေတောင်းယူခံရမှုကိုလည်း မြို့နယ် ၁၁၀ ၏ ၇၀ ရာခိုင်နှုန်းတွင် ကြုံတွေ့နေရပါသည်။




• စစ်တမ်းကောက်ယူပုံနည်းနာ

ISP-Myanmar သည် မြန်မာနိုင်ငံအတွင်းရှိ လူမှုစီးပွားအခြေအနေကို ဆန်းစစ်လေ့လာနိုင်ရန် (နိုင်ငံအနှံ့ မြို့နယ်စုစုပေါင်း ၃၃၀ အနက်မှ သုံးပုံတပုံဖြစ်သော) မြို့နယ် ၁၁၀ တွင် ဒေသဆိုင်ရာအချက်အလက်များအား စောင့်ကြည့်လေ့လာမှုနည်းစနစ် (Observatory Method) ဖြင့် ကောက်ယူခြင်းကို ၂၀၂၃ ခုနှစ် မေလမှစတင်၍ လုပ်ဆောင်လျက်ရှိပါသည်။ မြို့နယ် ၁၁၀ ကို ရွေးချယ်ရာ၌ ခရိုင်မြို့နယ် ၇၅ ခုကို ရွေးချယ်ခဲ့ပြီး ကျန် ၃၅ မြို့နယ်ကို ရွေးချယ်ရာတွင် လူဦးရေအများဆုံးရှိသော မြို့နယ်နှင့် စီးပွားရေးအရ အချက်အချာကျသော မြို့နယ်များအား ဦးစားပေး ရွေးချယ်ခဲ့ပါသည်။


ဒါနဲ့တဆက်တည်းမှာပဲ နောက်ထပ်ပိုဆိုးလာတာက ဆက်ကြေးပေးသလိုပေါ့နော်၊ ငွေပေးရတဲ့ကိစ္စတွေ၊ လာဘ်ထိုးရတဲ့ကိစ္စတွေ ပိုပြီးများလာတာကို တွေ့ရပါတယ်။ စစ်တမ်းကောက်ယူနေတဲ့ မြို့နယ် ၁၁၀ ရဲ့ ၇၀ ရာခိုင်နှုန်းမှာ အခုဆိုရင် အတင်းအကျပ် ငွေကြေးတောင်းခံမှုတွေကို ရင်ဆိုင်နေရတာကို ကျမတို့ သိရတယ်ပေါ့နော်။ ပြည်သူ့စစ်မှုထမ်းဥပဒေအသက်ဝင်ပြီးနောက်ပိုင်းမှာဆိုရင်တော့ ရပ်ကွက်၊ ကျေးရွာအလိုက် စစ်မှုထမ်းဖို့ မဲနှိုက်ရတဲ့အခါ ကိုယ့်သားသမီး မပါအောင်၊ ပါခဲ့ရင်လည်း စာရင်းမပေါက်အောင် ငွေသိန်းနဲ့ချီ ပေးနေရသလိုမျိုး၊ တောင်းယူတဲ့ကိစ္စရပ်မျိုးတွေလည်း ရှိနေပါတယ်။ တချို့နေရာတွေမှာဆို သားတွေက ရှောင်ပြေးရင် အိမ်မှာကျန်နေခဲ့တဲ့ မိဘတွေကို ငွေညှစ်တာ၊ ခြိမ်းခြောက်တာ၊ သားမရှိရင် အဖေကို စစ်မှုထမ်းရမယ်လို့ပြောလို့ တချို့မိသားစုတွေဆိုရင် နေရပ်စွန့်ခွာ ထွက်ပြေးရတဲ့ကိစ္စမျိုးတွေကို ကျမတို့ ကြားသိနေရတယ်ပေါ့နော်။ ဒီအခြေအနေတွေနဲ့တဆက်တည်းမှာပဲ ဒေသအလိုက် သက်ဆိုင်ရာအာဏာပိုင်တွေကို လာဘ်ပေးရတာတွေလည်း ပိုများလာပါတယ်။

ကပြင်ရပ်ဝန်း
ISP Myanmar

ISP RESEARCH NETWORK

## ■ နယ်မြေဖြတ်သန်းခနှင့် ဝင်ငွေခွန်/လုပ်ငန်းခွန်များ အများဆုံးပေးဆောင်နေရ

ISP Research Network ၏ သုတေသနပြု လေ့လာချက်အရ မြို့နယ်ပေါင်း ၁၁၀ အနက် ၂၅ ခုထက်မနည်းတွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ NUG လက်အောက်ခံမဟုတ်သော PDFs/LDFs များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAOs) အား ပုံစံမျိုးစုံဖြင့် အခွန်ပေးရကြောင်း သိရသည်။ မြို့နယ် ၂၀ ထက်မနည်းတွင် NUG နှင့် PDFs/LDFs များအား နယ်မြေဖြတ်သန်းခ ပေးဆောင်ရပြီး ၂၃ မြို့နယ်ထက်မနည်းတွင် EAOs များအား ဝင်ငွေခွန်/လုပ်ငန်းခွန်များ ပေးနေရပါသည်။




● စစ်တမ်းကောက်ယူပုံနည်းနာ

ISP-Myanmar သည် မြန်မာနိုင်ငံအတွင်းရှိ လူမှုစီးပွားအခြေအနေကို ဆန်းစစ်လေ့လာနိုင်ရန် (နိုင်ငံအနှံ့ မြို့နယ်စုစုပေါင်း ၃၃၀ အနက်မှ သုံးပုံတပုံဖြစ်သော) မြို့နယ် ၁၁၀ တွင် ဒေသဆိုင်ရာအချက်အလက်များအား စောင့်ကြည့်လေ့လာမှုနည်းစနစ် (Observatory Method) ဖြင့် ကောက်ယူခြင်းကို ၂၀၂၃ ခုနှစ် မေလမှစတင်၍ လုပ်ဆောင်လျက်ရှိပါသည်။ မြို့နယ် ၁၁၀ ကို ရွေးချယ်ရာ၌ ခရိုင်မြို့နယ် ၇၅ ခုကို ရွေးချယ်ခဲ့ပြီး ကျန် ၃၅ မြို့နယ်ကို ရွေးချယ်ရာတွင် လူဦးရေအများဆုံးရှိသော မြို့နယ်နှင့် စီးပွားရေးအရ အချက်အချာကျသော မြို့နယ်များအား ဦးစားပေး ရွေးချယ်ခဲ့ပါသည်။

မြို့နယ်အဆင့်ရုံးတွေကို ကြည့်တဲ့အခါမှာ အများဆုံး လာဘ်ပေးရတာက စစ်ကောင်စီလက်အောက်ခံ လဝကရုံး၊ စည်ပင်ရုံးနဲ့ အုပ်ချုပ်ရေးရုံးတွေက အများဆုံးဖြစ်တာကို တွေ့ရတယ်ပေါ့နော်။ အဲဒါတွေအပြင် အခြားလက်နက်ကိုင်တပ်ဖွဲ့တွေကိုပါ အခုဆိုရင်ပုံစံမျိုးစုံနဲ့ အခွန်ပေးဆောင်နေရတာ တွေ့ရပါတယ်။ နယ်မြေဖြတ်သန်းခ၊ လယ်ခွန်/ယာခွန် စသဖြင့် ဒီလိုမျိုးအခွန်တွေကိုလည်း ပေးဆောင်နေရတယ်။

ဆိုတော့ ဒီလိုမျိုး ပြည်သူတွေအနေနဲ့က တကယ့်ကို ပြဿနာပေါင်း သောင်းခြောက်ထောင်ကို ရင်ဆိုင်နေရတယ်။ တဖက်မှာလည်း အလုပ်တွေက အဆင်မပြေဘူး။ အလုပ်လုပ်ဖို့လည်း ပိုပြီးတော့ ခက်ခဲလာတယ်။ ဒါနဲ့ ဆက်စပ်တဲ့ အခြေအနေတွေကိုတော့ မစင်ဒီက ဆက်ပြီးတော့ ဆွေးနွေးပေးပါအုံးရှင့်။

အရင်ပြုလုပ်ခဲ့ပြီးဖြစ်တဲ့ ‘ISP နှင့်အတူ မိနစ်၃၀’ ဆွေးနွေးပွဲတွေကို
ISP-Myanmar ဝက်ဘ်ဆိုက်မှာ ပြန်ကြည့်နိုင်ပါတယ်။ ဆွေးနွေးမှုတွေကို
ရုပ်သံဖိုင်နဲ့ ပြန်ကြည့်နိုင်ရုံမက ဆွေးနွေးချက်တွေကို စုစည်းထားတဲ့
PDF ဖိုင်ကိုလည်း download ရယူ ဖတ်ရှုနိုင်ပါတယ်။
အဲဒါအပြင် အင်္ဂလိပ်လို ဖတ်နိုင်အောင်လည်း ဘာသာပြန်ဆိုပေးထားပါတယ်။

SCAN THIS CODE

ISP နှင့်အတူ မိနစ် ၃၀

**30 MINUTES with the ISP**



စင်ဒီ

Program Assistant

ISP Research Network Program

ဆွေးနွေးဖက်

အာဏာသိမ်းပြီးနောက်ပိုင်းကနေစပြီးတော့ ပြည်သူတွေက စားဝတ်နေရေး ကျပ်တည်းလာတယ်။ အလုပ်အကိုင်အခွင့်အလမ်းလည်း ရှားပါးလာတယ်။ ဒါ့အပြင် သူတို့ လုံလုံခြုံခြုံ


ကပြင်ရပ်ဝန်း

ISP Myanmar

ISP RESEARCH NETWORK

## ■ လောင်းကစားလုပ်ကိုင်မှုနှင့် မူးယစ်ဆေးသုံးစွဲမှု မြင့်တက်လျက်ရှိ

ISP Research Network ၏ တနှစ်ကျော်ကာလအတွင်း တွေ့ရှိချက်များအရ မြို့နယ် ၁၁၀ ၏ အများစုတွင် နှစ်လုံး၊ သုံးလုံး၊ ဂျင်ဝိုင်း၊ ဖဲဝိုင်းနှင့် ကြက်ဝိုင်း စသော လောင်းကစားလုပ်ကိုင်မှုများ ရှိနေသည်။ ပျမ်းမျှအားဖြင့် မြို့နယ် ၁၁၀ ၏ ၉၅ ရာခိုင်နှုန်းအထက်တွင် လောင်းကစားနှင့် တရားမဝင်စီးပွားရေးလုပ်ကိုင်မှုများ တွင်ကျယ်နေသည်။ ထိုနည်းတူ ဆေးခြောက်/ Weed ရောင်းဝယ်သုံးစွဲမှုနှင့် ဆေးပြား/WY/ရာဘ/E ရောင်းဝယ်သုံးစွဲမှုများမှာလည်း ပျမ်းမျှ ၇၃ ရာခိုင်နှုန်းနှင့်အထက်တွင် ရှိနေပါသည်။




မှတ်ချက် - ၂၀၂၃ ခုနှစ် မေလမှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအထိ ရရှိသောအချက်အလက်များမှာ မြို့နယ် ၁၁၀ ပေါ် အခြေခံထားပြီး ၂၀၂၄ ခုနှစ် မတ်လမှ မေလအထိ ရရှိသော အချက်အလက်များမှာ (ဒေတာရရှိမှု အကန့်အသတ်ကြောင့်) ၉၆ မြို့နယ်အပေါ်သာ အခြေခံထားပါသည်။ ထို့ကြောင့် နောက်ပိုင်းသုံးလ၏ ကိန်းဂဏန်းများတွင် ၁၄ မြို့နယ်၏ ဒေတာအချက်အလက်များ ပါဝင်ခြင်းမရှိကြောင်း သတိပြုရပါမည်။

- အလုပ်လုပ်နိုင်တဲ့ စီးပွားရေးဝန်းကျင်ကလည်း ရှိမနေတဲ့အခါမှာ ပုံမှန်သမ္မာအာဇီဝနည်းလမ်းတွေနဲ့ စီးပွားရေးလုပ်ငန်းတွေပေါ်မှာထက် တရားမဝင်စီးပွားရေးလုပ်ငန်းတွေဖြစ်တဲ့ လောင်းကစားလုပ်တာမျိုး၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားတာမျိုး၊ ဒီအပေါ်မှာ ပိုပြီးတော့ အားသန်လာကြတာမျိုးကို တွေ့ရပါတယ်။ ကျမတို့ရဲ့ စစ်တမ်းမှာကြည့်မယ်ဆိုရင်လည်း မြို့နယ် ၁၁၀ ရဲ့ ၉၇ ရာခိုင်နှုန်းမှာ နှစ်လုံးထီ၊ သုံးလုံးထီလို စီးပွားရေးလုပ်ငန်းတွေအပြင် စီးပွားဖြစ် ဂျင်ဝိုင်း၊ ဖဲဝိုင်း၊ ကြက်ဝိုင်း ဒါတွေအပေါ်မှာ ပြည်သူတွေက ပိုပြီးတော့ အမှီသဟဲပြုနေတယ်ဆိုတာကို တွေ့ရပါတယ်။ ဒီလိုနဲ့ပဲ ပြည်သူတွေဟာ တဖြည်းဖြည်းနဲ့ လောင်းကစားနွံမှာလည်း ဆက်ပြီးတော့ နစ်မွန်းလာတာမျိုးကို တွေ့နေရပါတယ်ရှင့်။ အထူးသဖြင့် အောက်ခြေလူတန်းစားတွေကဆိုလို့ရှိရင် သူတို့ရဲ့နိစ္စဓူဝမှာတောင်မှပေါ့လေ လောင်းကစားလုပ်မယ်၊ နှစ်လုံးထီရောင်းမယ်၊ အခုနောက်ပိုင်းမှာ နာမည်ကြီးလာတဲ့ အွန်လိုင်းလောင်းကစားလိုမျိုး လောင်းကစားလုပ်ငန်းနဲ့ အလွယ်လမ်းကိုလိုက်ပြီးတော့ ပိုက်ဆံရဖို့အတွက် ပိုပြီးတော့ ကြိုးစားလာကြတယ်ဆိုတာမျိုးကိုလည်း တွေ့ရပါတယ်ရှင့်။ ဆိုတော့ လောင်းကစားလုပ်ရင်းနဲ့ ဘဝပျက်သူတွေ၊ အကြွေးနွံမှာ နစ်တဲ့သူတွေ၊ နောက်ဆုံး မိသားစု အိမ်ထောင်ရေး ပြိုကွဲသွားတာမျိုးတွေကို ကျမတို့ရဲ့ လူ့အဖွဲ့အစည်းပတ်ဝန်းကျင်မှာ အများကြီး တွေ့နေရတာပဲဖြစ်ပါတယ်။

လောင်းကစားကြောင့်ဖြစ်တဲ့ ဆိုးကျိုးတွေကို ပြောပါဆိုရင် ပစ္စည်းဥစ္စာ ဆုံးရှုံးမှုကတော့ အသိသာဆုံး၊ အမြင်သာဆုံးပေါ့နော်။ ဒီပစ္စည်းဥစ္စာဆုံးရှုံးမှုအပြင် နောက်ထပ် ရမယ်ရှာနိုင်ထက်စီးနင်းပြုလုပ်တဲ့ အိမ်တွင်းအကြမ်းဖက်မှုတွေကလည်း တရိပ်ရိပ်နဲ့ တိုးလာတာကလည်း စိုးရိမ်ဖွယ်မြင်တွေ့ရတာ ဖြစ်ပါတယ်ရှင့်။

ကျမတို့ အခုဆွေးနွေးသွားတဲ့ စစ်မှုထမ်းဥပဒေကြောင့် ပြည်သူတွေရဲ့ လူမှုစီးပွားထိခိုက်မှုတွေနဲ့ပတ်သက်ပြီးတော့ အစ်မအနေနဲ့ နိဂုံးချုပ် ဖြည့်စွက်ပြောချင်တာများ ရှိပါသေးသလားရှင့်။

ISP နှင့်အတူ မိနစ် ၃၀

**30 MINUTES with the ISP**



သက်ကြည်စင်

Program Head

ISP Research Network Program

ဦးဆောင်ဆွေးနွေးသူ


ကျမတို့ ပြန်ချုပ်ရရင်တော့ စစ်တမ်းကောက်ယူတဲ့အခါ ဖြေဆိုသူတွေ မေးနေကြတဲ့ မေးခွန်းတခုရှိပါတယ်။ ဒါကတော့ သူတို့အနေနဲ့က နေ့စဉ်နဲ့အမျှ တကယ့်ကို အနေကျပ် အသေခက်ဘဝကြီးကို 'ဘယ်အချိန်အထိ ကြံ့ကြံ့ခံခါးစည်းခံထားဖို့ လိုအုံးမလဲ' ဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။ ပြီးတော့ 'ဒီတော်လှန်ရေးကရော ဘယ်တော့ပြီးမှာလဲ'ဆိုတဲ့ မေးခွန်း တွေကလည်း ပိုပြီးတော့ ကျယ်ကျယ်လောင်လောင် ကြားလာနေရတယ်ပေါ့။ ဆိုတော့ အခုလို တော်လှန်ရေးကာလမှာ စစ်ရေးအရှိန်ကောင်းပြီးတော့ မြို့သိမ်းတိုက်ပွဲတွေ ဖော် ဆောင်တာ၊ ကိုယ်ပိုင်စိုးမိုးနယ်မြေတွေ ရယူတာ၊ အုပ်ချုပ်ရေးပုံစံအမျိုးမျိုးကို တည် ဆောက်နေတာလည်း အမှန်ပဲပေါ့နော်။ ဒါပေမဲ့ တဖက်မှာလည်း 'ဘယ်အချိန်အထိ ကြံ့ ကြံ့ခံ ခါးစည်းခံထားဖို့လိုအုံးမလဲ'လို မေးခွန်းမျိုးတွေအတွက်ကတော့ တကယ့်ကို ယုံကြည် ထိုက်ဖွယ်၊ အားရဖွယ် အဖြေစကားမျိုးတော့ လိုအပ်တယ်လို့ မြင်တယ်ပေါ့နော်။ တော် လှန်ရေးမှာ အားလုံးပါရင်ပွဲပြီးပြီ၊ ခါးစည်းခံစရာမလိုတော့ဘူးဆိုတဲ့ ဝါးတားတား ကတိကဝတ် လောက်နဲ့တော့ မလုံလောက်ဘူးပေါ့နော်။

ကျမတို့လို သုတေသနအဖွဲ့အစည်းတွေ၊ ပြီးတော့ သတင်းမီဒီယာတွေအနေနဲ့ကလည်း ဆောင်ရွက်စရာ တာဝန်တွေရှိပါတယ်။ ဒါကတော့ ပြည်သူတွေရဲ့ နေ့စဉ်လူမှုစီးပွား အခက် အခဲတွေကို အနည်းဆုံး အပိုင်းသုံးပိုင်းနဲ့ ကျမတို့ အဓိကပံ့ပိုးပေးနိုင်တယ်။ ပထမအပိုင်း ကတော့ နေ့စဉ်လူမှုစီးပွားဘဝ အခက်အခဲတွေကို လက်တွေ့နဲ့ မြေပြင်မှာ ဖြစ်ပျက်နေတဲ့ အခြေအနေတွေပေါ်မူတည်ပြီးတော့ စနစ်တကျမှတ်တမ်းတင်မယ့် ကိစ္စရပ်မျိုးတွေ ကျမတို့ လုပ်လို့ရမယ်။ ဒုတိယအပိုင်းကတော့ စောစောကရရှိလာတဲ့ အချက်အလက်တွေအပေါ်မှာ အခြေခံပြီးတော့မှ ကျမတို့အနေနဲ့ ပညာရပ်ပိုင်းဆိုင်ရာ လေ့လာမှုတွေ၊ စနစ်တကျ ပိုင်းခြား ▶

- ဝေဖန်ဆန်းစစ်တဲ့ ရှုထောင့်ကနေပြီးတော့ တင်ပြနိုင်တယ်ပေါ့နော်။ ဒီလိုမျိုးလုပ်ဆောင်ပေးမှပဲ သက်ဆိုင်ရာ မူဝါဒချမှတ်သူတွေရဲ့ ဆွေးနွေးချက်တွေမှာ တကယ့်ကိုအရေးပါတဲ့ မူဝါဒအကြောင်းအရာတခုအနေနဲ့ ပါဝင်လာနိုင်မှာဖြစ်တယ်ပေါ့နော်။ ဒီလို မူဝါဒအစီအမံတွေနေကတဆင့် နည်းလမ်းမျိုးစုံနဲ့ ပြည်သူတွေရဲ့ သောကနဲ့အခက်အခဲတွေကို ကျမတို့ ဘယ်လိုမျိုး ဖြေလျှော့မှု လုပ်ပေးနိုင်မလဲ၊ နိုင်ငံတကာကရော ဘယ်လိုပံ့ပိုးကူညီပေးနိုင်မလဲဆိုတဲ့ လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်တာမျိုးကို အားထုတ်အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်လို့ ပြောကြားရင်းနဲ့ ကျမတို့ရဲ့ ဆွေးနွေးမှုကို နိဂုံးချုပ်ချင်ပါတယ်ရှင့်။

ISP-Myanmar က
ဖော်ပြနေတဲ့ သုတေသန ဒေတာ အချက်အလက်တွေကို
ISP Telegram Channel မှာလည်း ရယူဖတ်ရှုနိုင်ပါတယ်။

SCAN THIS CODE



အင်ကြင်းမေ
Program Head
ISP Communications Department
အခမ်းအနားမှူး

ဟုတ်ကဲ့၊ ဆွေးနွေးပေးသွားတဲ့ မသက်နဲ့ မစင်ဒီတို့ကို အများကြီးကျေးဇူးတင်ပါတယ်။ ဆက်လက်ပြီးတော့ ကျမတို့ ဒုတိယပိုင်းကို ဆက်သွားပါ့မယ်ရှင့်။ ကပြင်ရုပ်ဝန်းသူ၊ ရုပ်ဝန်းသားတွေဆီက အမေး/အဖြေအတွက် Email ကနေ ကြိုတင်ရရှိထားတဲ့ မေးခွန်းတွေကို တူရာစုပြီးတော့မှ မေးခွန်းသုံးခု ပြင်ဆင်ထားပါတယ်ရှင့်။

?

ပထမမေးခွန်းကတော့ ‘ရှင်သူမှာ အသက်ရှူရပ်မတတ်လို့တော့ ISP က ပြောတယ်။ VPN ရလို့၊ လိုင်းပေါ်ရောက်လို့ သတင်းဖတ်ရရင် ကိုယ်လည်း စိတ်ဓာတ်ကျတယ်။ နေပြည်တော်လို၊ ရန်ကုန်လိုနေရာတွေမှာ စည်ကားနေတာမြင်ရရင် စိတ်ထဲ ဘယ်လိုဖြစ်မှန်း မသိပြန်ဘူး။ အခုဖြစ်နေတာတွေကို ဘယ်လိုနားလည်ရမှာလဲ’ ဒီမေးခွန်းကို ဆွေးနွေးပေးပါဦးရှင့်။

ISP နှင့်အတူ မိနစ် ၃၀

30 MINUTES with the ISP



သက်ကြည်စင်
Program Head
ISP Research Network Program
ဦးဆောင်ဆွေးနွေးသူ

ဟုတ်ကဲ့၊ မေးခွန်းအတွက် ကျေးဇူးတင်ပါတယ်ရှင့်။ ဒါကလည်း အုပ်စိုးသူကိုယ်တိုင်ကိုက ဒီလို အခြေအနေမျိုးရောက်အောင် ဖြတ်လေးဖြတ်နည်းနဲ့ လုပ်ဆောင်နေတယ်လို့ သုံးသပ်လို့ရတယ်ပေါ့နော်။ ဥပမာ ကျမတို့ ဒီမြို့ကြီးတွေဖြစ်တဲ့ ရန်ကုန်၊ နေပြည်တော်၊ မန္တလေးလိုမျိုးဒေသတွေရဲ့ တချို့နေရာတွေမှာဆိုရင် ဘားတွေ၊ ရှိုးပွဲတွေနဲ့ တကယ့်ကို လူစည်ကားနေတာကို အံ့အားသင့်စွာ တွေ့ရပါတယ်။ တဖက်မှာလည်း အခြေခံလူတန်းစားတွေအတွက်ကတော့ နေ့စဉ်အခက်အခဲတွေဖြစ်တဲ့ မီးပြတ်တာ၊ အင်တာနက်ပြတ်တောက်တာ၊ ပြီးရင် အပြင်ထွက်ရင်တောင်မှ ဘယ်ချိန်မှာ ဘယ်လိုမျိုး ခါးပိုက်နှိုက်ခံရမလဲပေါ့နော်၊ ဒီလိုမျိုး စိုးရိမ်ပူပန်မှုတွေနဲ့ နေနေရတာဖြစ်ပါတယ်။ တဖက်မှာလည်း နယ်မှာရှိတဲ့သူတွေအတွက်ကလည်း အခုဆို စစ်ရေးပဋိပက္ခတွေဖြစ်လို့ မြို့ကြီးတွေကို လာရောက်စစ်ရှောင်ရတာ၊ ကားခတွေ အဆမတန်မြင့်တက်တာ ဒီလိုမျိုး အခက်ခဲပေါင်းမျိုးစုံကို ရင်ဆိုင်နေရတာဖြစ်တယ်ပေါ့နော်။ ဆိုတော့ ကျမတို့အမြင်ကတော့ ဆင်းရဲချမ်းသာကွာဟမှုက သိသိသာသာပိုပြီးတော့တိုးလာမယ်၊ နောက်ဆုံးမှာ လူအချင်းချင်း မနာလိုမုန်းတီးမှုတွေ၊ အမျက်ထွက်မှုတွေကို ဦးတည်စေပြီးတော့ လူမှုရေးရှုပ်ထွေးပွေလီမှုတွေ ပတ်ဝန်းကျင်မှာ ပိုပြီးမြင်လာမယ့် အနေအထားလို့ သုံးသပ်လို့ရပါတယ်။

ISP နှင့်အတူ မိနစ် ၃၀
**30 MINUTES with the ISP**



အင်ကြင်းမေ
Program Head
ISP Communications Department
အခမ်းအနားမှူး

ဟုတ်ကဲ့၊ ဆွေးနွေးဖြေကြားပေးသွားတဲ့ မသက်ကို ကျေးဇူးတင်ပါတယ်။ ဆက်လက်ပြီး တော့ ဒုတိယမေးခွန်းကို ဆက်သွားပါမယ်ရှင့်။

?

ဒုတိယမေးခွန်းကတော့ ‘ဒီရက်ပိုင်းတွေမှာ ဘဏ်တာဝန်ရှိသူတွေကို ဖမ်းဆီးစစ် ဆေးတယ်ဆိုတဲ့ သတင်းတွေနဲ့ ငွေထုတ်ရ အရမ်းခက်လာပြီးတော့မှ ကုန်ဈေးနှုန်း တွေက မိုးအထိ တက်သွားတယ်။ ဘဏ်တွေရဲ့အခြေအနေကရော ဘာဖြစ်နိုင် သလဲ’ ဒီမေးခွန်းကိုလည်း ဆွေးနွေးပေးပါဦးရှင့်။

ISP နှင့်အတူ မိနစ် ၃၀
**30 MINUTES with the ISP**



သက်ကြည်စင်
Program Head
ISP Research Network Program
ဦးဆောင်ဆွေးနွေးသူ

ဟုတ်ကဲ့၊ ဒီမေးခွန်းကို ဖြေရမယ်ဆိုရင်တော့ ဒါတကယ့်ကို ဘဏ်အကြောင်းနည်းနာပိုင်း အရ ပညာရပ်ပိုင်းဆိုင်ရာရှုထောင့်ကနေ ဖြေတာကတော့ ပိုပြီးတော့ သင့်တော်တယ်ပေါ့ နော်။ ကျမတို့အနေနဲ့ကတော့ လူမှုစီးပွားသုံးသပ်ချက်လုပ်နိုင်တာကတော့ ဘဏ်ပြဿနာ ဟာ ပိုပြီးတော့ ဆိုးကျိုးဂယက်တွေ ရှိလာနိုင်ပါတယ်။ စစ်ကောင်စီအနေနဲ့က အကြမ်း နည်းနဲ့ အရေးယူမှုတွေလုပ်လာလေလေ တဖက်မှာလည်း ဘဏ်တွေအပေါ်မှာ လူထုရဲ့

ယုံကြည်မှုက ပိုမိုပြီးတော့ ကျဆင်းလာမယ့်အနေထား ဖြစ်တယ်ပေါ့နော်။ ဒါဆိုရင် ဘဏ်တွေရဲ့ ဆုံးရှုံးမှုကလည်း ပိုပြီးတော့ ဆိုးဝါးစေမယ့်အနေထားကို ရောက်လာပါမယ်။ ပြည်သူတွေအနေနဲ့ကလည်း အခုဆိုရင် မြန်မာကျပ်ငွေက တန်ဖိုးကျတဲ့အတွက် ငွေဖြစ်လွယ်တဲ့ ရွှေဝယ်ယူတာ၊ နိုင်ငံခြားငွေကြေးတွေနဲ့ လဲလှယ်ပြီးတော့ပေါ့နော် သိမ်းဆည်းထားတာ၊ နိုင်ငံခြားကို လွှဲပြောင်းပြီး စုဆောင်းထားတာတွေ ပိုများလာတယ်ပေါ့နော်။ ဂယက်အနေနဲ့ ဒီငွေကြေးဈေးကွက် ကမောက်ကမဖြစ်ရုံတင်မကဘဲနဲ့ လုပ်ငန်းတွေ နိစ္စဓူဝလည်ပတ်ဖို့ တောင်မှ အခက်အခဲတွေ ဖြစ်လာနိုင်တယ်ပေါ့နော်။ ဆိုတော့ ဒီအချိန်မှာ အရေးကြီးဆုံး လုပ်သင့်တဲ့အချက်ကတော့ လူထုကို ဘဏ်တွေအပေါ်မှာ ပြန်ပြီးတော့ ယုံကြည်မှုတိုးလာအောင် လုပ်ဖို့ပဲလိုမယ်လို့ မြင်ပါတယ်ရှင့်။




ဟုတ်ကဲ့၊ ဖြေကြားပေးသွားတဲ့ မသက်ကို ကျေးဇူးတင်ပါတယ်ရှင့်။ ကျမတို့ တတိယ မေးခွန်းကို ဆက်သွားပါမယ်ရှင့်။

?

တတိယမေးခွန်းကတော့ ‘ကျနော်သိချင်တာက သုတေသနနည်းနာပိုင်းပါ။ အယူအဆမှတ်စုမှာ ရေးထားတာလည်း မတွေ့ဘူး။ ပြီးတော့ တတိုင်းပြည်လုံး သေနတ်သံညံနေတဲ့အချိန်မှာပေါ့နော် ISP Research Network က အချက်အလက်တွေကို ဘယ်လို ကောက်ယူနေသလဲ။ ဘယ်လိုနည်းနာသုံးပြီးတော့ သတင်းကောက်ယူနေသလဲဆိုတာကို ဖြေလို့ရရင် ဖြေစေချင်ပါတယ်’ ဒီမေးခွန်းကိုလည်းဖြေကြားပေးပါဦးရှင့်။

ISP နှင့်အတူ မိနစ် ၃၀
**30 MINUTES with the ISP**



စင်ဒီ
Program Assistant
ISP Research Network Program
ဆွေးနွေးဖက်

ဟုတ်ကဲ့၊ ဒီအပိုင်းတော့ ညီမဖြေလိုက်မယ်ရှင့်။ ဆိုတော့ ကျမတို့အနေနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ လူမှုစီးပွားအခြေအနေတွေကို လေ့လာချင်တဲ့အခါမှာ မြန်မာနိုင်ငံမှာရှိတဲ့ မြို့နယ်စုစုပေါင်း ၃၃၀ ထဲကနေပြီးတော့ သုံးပုံတပုံဖြစ်တဲ့ မြို့နယ် ၁၁၀ ကို ရွေးချယ်လိုက်ပါတယ်ရှင့်။ ဒီမြို့နယ် ၁၁၀ က ဘယ်မြို့နယ်တွေလဲဆိုရင် အဓိက ခရိုင်ရုံးအခြေစိုက်တဲ့ မြို့နယ် ၇၅ မြို့နယ်ကို အရင်ဆုံး ရွေးပါတယ်။ ဘာကြောင့်မို့ ခရိုင်အခြေစိုက်တဲ့မြို့နယ်တွေလဲဆိုရင် ဒီမြို့နယ်တွေမှာ စစ်ကောင်စီရဲ့လက်အောက်ခံ အစိုးရရုံးတွေက ပိုများတယ်။ ဒီတော့ သူတို့ဆီကပေးတဲ့ ပြည်သူ့ဝန်ဆောင်မှုတွေကိုရော ပြည်သူတွေရရှိနေတဲ့ အခြေအနေကရော ဘယ်လိုလဲ၊ ဒါတွေကို လေ့လာချင်တဲ့အတွက်ဖြစ်ပါတယ်။ ကျန်တဲ့ ၃၅ မြို့နယ်ကတော့ စီးပွားရေးအရ အချက်အချာကျတဲ့ မြို့နယ်တွေပါမယ်၊ လူဦးရေထူထပ်တဲ့ မြို့နယ်တွေပေါ့နော်။ ဒီမြို့နယ်တွေကို ရွေးချယ်ပါတယ်။ ဒီလိုမျိုး မြို့နယ် ၁၁၀ ကနေပြီးတော့ ကျမတို့ ၂၀၂၃ ခုနှစ် မေလကနေစပြီးတော့ လစဉ်ပေါ့နော် စောင့်ကြည့်လေ့လာမှုနည်းစနစ်နဲ့ ကျမတို့ကနေပြီးတော့ စစ်တမ်းတွေကို ကောက်ယူခဲ့တာဖြစ်ပါတယ်ရှင့်။ စစ်တမ်းကောက်ယူခြင်းနဲ့ပတ်သက်ပြီးတော့ သုတေသနနည်းနာတွေကို ပိုပြီးတော့အကျယ်တဝင့် သိချင်တယ်ဆိုရင် နောက်ပိုင်း ကျမတို့ရဲ့ သုတေသနစာတမ်းတွေမှာလည်း တင်ပြသွားမှာဖြစ်တဲ့အတွက်ကြောင့်မို့ ဆက်လက်ပြီးတော့ စောင့်ကြည့်လေ့လာပေးပါဦးရှင့်။

ISP နှင့်အတူ မိနစ် ၃၀
30 MINUTES with the ISP



အင်ကြင်းမေ
Program Head
ISP Communications Department
အခမ်းအနားမှူး

ဟုတ်ကဲ့ပါ။ ဖြေကြားပေးသွားတဲ့ မစင်ဒီကို ကျေးဇူးတင်ပါတယ်။ ဆက်လက်ပြီးတော့ အခု ဆွေးနွေးပွဲကို တက်ရောက်လာတဲ့ ကပြင်ရပ်ဝန်းသူ၊ ရပ်ဝန်းသားတွေဆီကနေ မေးခွန်းနဲ့ မှတ်ချက်တခုစီ လက်ခံပါ့မယ်ရှင့်။ ပထမဆုံး ကျမတို့ မေးခွန်းကို လက်ခံပါ့မယ်ရှင့်။ မေးခွန်း မေးချင်တဲ့သူအနေနဲ့ raise hand buttom နဲ့ လက်ထောင်လို့ ရပါတယ်ရှင့်။ မေးခွန်းမေး ချင်တဲ့သူများ ရှိပါသလားရှင်။ မေးခွန်းမေးချင်တဲ့သူ လက်ထောင်လို့ ရပါတယ်နော်။ ဟုတ်ကဲ့၊ လက်ထောင်ထားတဲ့ အကောင့်ကို မိုက်ဖွင့်ပေးထားပါတယ်ရှင့်။ စပြီး မေးလို့ရပါပြီ။

ISP နှင့်အတူ မိနစ် ၃၀
30 MINUTES with the ISP



ISP ကပြင်ရပ်ဝန်းသားတဦး

?

ဟုတ်ကဲ့ မင်္ဂလာပါခင်ဗျ။ လိုင်းက နည်းနည်းဆိုးနေလို့ ကျနော့်အသံ နည်းနည်းဝါး နေပါလိမ့်မယ်။ ကျနော် အဓိကမေးချင်တာကတော့ စောနကပြောသလိုပေါ့နော်၊ ကျနော်တို့ ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုတာကြီးက ထိခိုက်မှုရှိတယ်ပေါ့နော်။ အထူး သဖြင့် လူငယ်ထုအပေါ် ဆိုးဆိုးရွားရွားသက်ရောက်မှုတွေ ရှိနေတဲ့အခါမှာ possible solution ပေါ့နော်။ ဘယ်လို ဖြစ်နိုင်ခြေရှိတဲ့ ဖြေရှင်းချက်မျိုးကို စဉ်းစားမိတာမျိုး ရှိ လဲခင်ဗျ။ အခု ကျနော်တို့တွေသလောက်က နံပါတ်တစ်က နိုင်ငံခြားကို ထွက်မယ် ပေါ့နော်။ အဲဒီအခါကျရင်လည်း ကျနော်တို့ အခက်အခဲအများကြီး ရှိတယ်ပေါ့လေ။ ဟုတ်ကဲ့၊ အဲဒါလေး နည်းနည်း ဆွေးနွေးပေးစေချင်ပါတယ်ခင်ဗျ။

ISP နှင့်အတူ မိနစ် ၃၀
**30 MINUTES with the ISP**



သက်ကြည်စင်
Program Head
ISP Research Network Program
ဦးဆောင်ဆွေးနွေးသူ

ဟုတ်ကဲ့၊ မေးခွန်းမေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင့်။ ပြည်သူ့စစ်မှုထမ်း ဥပဒေကြောင့် သက်ရောက်မှုတွေမှာကတော့ ကျမတို့ Research Network Program အရဆိုရင်ကတော့ ကောင်းတဲ့ အကျိုးသက်ရောက်မှုထက်စာရင် ဆိုးကျိုးတွေကတော့ ပိုပြီးများလာတာကို တွေ့ရတယ်ပေါ့နော်။ အခုဆိုရင် ကျမတို့ သိရသလောက်က ပြည်သူ့စစ်မှုထမ်းဥပဒေအရ တနှစ်အတွင်း လူခြောက်သောင်းစုနိုင်ဖို့ မှန်းထားတယ်ဆိုပြီးတော့ စစ်ကောင်စီက ပြော ထားတာ ရှိပါတယ်။ အခုချိန်ထိကတော့ အပတ်စဉ် သုံးခုအထိ ဖွင့်လှစ်ထားပြီးပြီ။ သင်တန်း ကာလကတော့ batch တခုမှာဆိုရင် ၄၅ ရက် ကြာမြင့်တယ်ဆိုပြီးတော့ သိရတယ်ပေါ့ နော်။ ဆိုတော့ တဆက်တည်းမှာပဲ အခုဆိုရင် အမျိုးသမီးတွေပါ လာမယ့်အပတ်စဉ်-၅ မှာ စပြီးတော့ခေါ်မယ်ဆိုပြီး ထုတ်ပြန်ထားတဲ့အတွက်ပေါ့နော်၊ အမျိုးသမီးတွေပါ ပိုပြီးတော့ စိုးရိမ်ထိတ်လန့်ရမယ့်အနေအထားမျိုး ရောက်နေတာကို တွေ့ရပါတယ်။ ဆိုတော့ စောစော က ဆရာမေးတဲ့ မေးခွန်းကို ပြန်ပြီးတော့ ဖြေရမယ်ဆိုရင်တော့ ကောင်းတဲ့ သက်ရောက်မှု ထက်စာရင်တော့ ပိုပြီးတော့ ဆိုးကျိုးတွေပဲ ပိုဖြစ်လာမယ်လို့တော့ ကျမတို့က သုံးသပ်ပါ တယ်ရှင့်။

ISP နှင့်အတူ မိနစ် ၃၀
**30 MINUTES with the ISP**




အင်ကြင်းမေ
Program Head
ISP Communications Department
အခမ်းအနားမှူး

ဟုတ်ကဲ့။ ဖြေကြားပေးသွားတဲ့ မသက်ကို ကျေးဇူးတင်ပါတယ်ရှင့်။ ကျမတို့ နောက်ထပ် မှတ်ချက်တခုကို လက်ခံပါမယ်ရှင့်။ မှတ်ချက်ပြုချင်တဲ့သူတွေအနေနဲ့ raise hand လေး လုပ်ပေးပါရှင့်။ ဒီတကြိမ်မှာတော့ မေးခွန်းထက်စာရင် ကျမတို့ မှတ်ချက်ကို ဦးစားပေးပြီး တော့ လက်ခံသွားပါမယ်ရှင့်။ ဟုတ်ကဲ့ raise hand လုပ်ထားတဲ့သူများ ရှိပါသလားရှင့်။

ဟုတ်ကဲ့၊ မှတ်ချက်ပေးဖို့မရှိဘူးဆိုရင်တော့ နောက်ထပ် မေးခွန်းတခုကို လက်ခံပါ့မယ်နော်။ မေးခွန်းမေးချင်တဲ့သူ လက်ထောင်လို့ ရပါတယ်ရှင့်။ ဟုတ်ကဲ့ ပထမဆုံးပေါ်လာတဲ့အကောင့်ကို ကျမတို့ မိုက်ဖွင့်ပေးလိုက်ပါ့မယ်နော်၊ မေးလို့ရပါပြီရှင့်။

ISP နှင့်အတူ မိနစ် ၃၀
30 MINUTES with the ISP



ISP ကပြင်ရပ်ဝန်းသူတဦး

?

ဟုတ်ကဲ့၊ မင်္ဂလာပါရှင့်။ စောနက ပြောသွားတဲ့အထဲမှာ ဒီ စစ်မှုထမ်းဥပဒေကြောင့် ဆိုးကျိုးတွေ ဖြစ်မြောက်မယ်လို့ ပြောသွားတယ်ပေါ့နော်။ ဒီဆိုးကျိုးတွေက ဘယ်သူ့အတွက် ပိုပြီးများမယ်လို့ ထင်သလဲပေါ့၊ ဥပမာအားဖြင့် ပြောရမယ်ဆိုရင် လောလောဆယ် ဒီနိုင်ငံကို အုပ်ချုပ်နေတဲ့ နစက ဒါမှမဟုတ်လို့ရှိရင် အုပ်ချုပ်ရေးကို တော်လှန်နေတဲ့ ဒီကာကွယ်ရေး အဖွဲ့ဝင်တွေ၊ ဒီနှစ်ခုမှာဆိုရင် ဘယ်သူကနေပြီးတော့၊ ဘယ်ဘက်ကနေပြီးတော့ ပိုပြီးထိခိုက်မှုများမယ်လို့ ထင်လဲ။ ပြီးတော့ နောက်တခုကကျတော့ စစ်မှုထမ်းဥပဒေကြောင့် တခြားနိုင်ငံကို ထွက်သွားတဲ့သူတွေ များတယ်ပေါ့။ များသွားတဲ့အပေါ်မှာရော ISP-Myanmar အနေနဲ့ ဘယ်လိုမျိုးသုံးသပ်မိတာရှိသလဲ ဆိုတာကို မေးချင်တာပါရှင့်။

ISP နှင့်အတူ မိနစ် ၃၀
**30 MINUTES with the ISP**



သက်ကြည်စင်
Program Head
ISP Research Network Program
ဦးဆောင်ဆွေးနွေးသူ

စောစောကပြောတဲ့ နစကနဲ့ လက်နက်ကိုင်တပ်ဖွဲ့တွေအကြားမှာ ဘယ်သူကပိုပြီး နစ်နာမှု ရှိမလဲဆိုတော့ အမှန်အတိုင်းပြောရရင်တော့ ဖြေရခက်တယ်ပေါ့နော်။ သူတပြန် ကိုယ်တပြန်ဖြစ်တဲ့ အနေအထားမျိုးဆိုတော့။ ဒီမှာ ကျမတို့ သတိပြုရမှာက စစ်ကောင်စီအပြင် တခြားလက်နက်ကိုင်တပ်ဖွဲ့တွေကလည်း စစ်သားစုဆောင်းတာတွေက တောက်လျှောက် ဖြစ်နေတဲ့ ကိစ္စရပ်မျိုးတွေ ဖြစ်တယ်ပေါ့နော်။ ဆိုတဲ့အတွက်ကြောင့် ဒါက နစ်ဖက်စလုံး အပြန်အလှန် တိုက်ခိုက်မယ့်သဘောမျိုးလို့တော့ ကျမတို့က သုံးသပ်ပါတယ်ရှင့်။ ကျမတို့ အနေနဲ့ကတော့ နိုင်ငံရေး၊ စစ်ရေးထက်စာရင် ပြည်သူ့စစ်မှုထမ်းဥပဒေက ဘယ်လိုပဲဖြစ်ဖြစ် နောက်ဆုံးမှာ ပြည်သူတွေပဲ အဓိကအနစ်နာဆုံးဖြစ်မယ်လို့ ကျိန်းသေပေါက် ပြောလို့ရတယ်ပေါ့နော်။ တဖက်မှာကလည်း ဒီလိုမျိုး ပြည်သူ့စစ်မှုထမ်းဥပဒေကြောင့် တချို့တွေဆိုရင် နေရပ်စွန့်ခွာသွားရတယ်။ အခက်အခဲတွေက အများကြီးပဲပေါ့နော်။ အဲဒီမှာ ပိုပြီးတော့ နောက်ဆက်တွဲ အကျိုးသက်ရောက်မှုတွေထဲကမှ လူမျိုးရေးပဋိပက္ခတွေ၊ ဒီလိုမျိုး inter ethnic conflict တွေလည်း ပိုပြီးတော့ များလာမယ့်အနေအထားရှိတယ်လို့ သုံးသပ်ပါရစေရှင့်။

ISP နှင့်အတူ မိနစ် ၃၀
**30 MINUTES with the ISP**



အင်ကြင်းမေ
Program Head
ISP Communications Department
အခမ်းအနားမှူး

ဆွေးနွေးပေးသွားတဲ့ panelist တွေကို အများကြီးကျေးဇူးတင်ပါတယ်ရှင့်။ မေးခွန်းတွေကို ဖြေဆိုအပြီးမှာတော့ ကျမတို့ ဒီအစီအစဉ်ကို နိဂုံးချုပ်ဖို့ နီးလာပါပြီပေါ့နော်။ အဲဒီတော့ နိဂုံးချုပ်အနေနဲ့ ကျမတို့ရဲ့ panelist တွေကနေ ဘာများပြောကြားချင်ပါသေးလဲရှင့်။

ISP နှင့်အတူ မိနစ် ၃၀
**30 MINUTES with the ISP**



သက်ကြည်စင်
Program Head
ISP Research Network Program
ဦးဆောင်ဆွေးနွေးသူ

ဟုတ်ကဲ့၊ ကျမတို့ စောစောက တင်ပြခဲ့သလိုပါပဲပေါ့နော်။ အာဏာသိမ်းပြီးနောက်ပိုင်း ပြည်သူတွေရဲ့ လူမှုစီးပွားအခြေအနေက ယိုယွင်းပျက်စီးနေတယ်။ သဘာဝဘေးနဲ့ စစ်မီးဘေးပေါ့နော်၊ ဒီလိုမျိုးဘေးတွေကို ပြေးမလွတ်အောင် ကြုံနေရချိန်မှာ ပြည်သူ့စစ်မှုထမ်းဥပဒေကို စစ်ကောင်စီက အသက်သွင်းလာတာဖြစ်တယ်ပေါ့နော်။ တကယ့်ကို တပူပေါ်နှစ်ပူဆင့် အခြေအနေမျိုးကို ပြည်သူတွေကြုံနေရတာ ဖြစ်ပါတယ်။ ဒီလိုမျိုး ရန်သူမျိုးငါးပါးဘေးအပြင် ဆင်းရဲချမ်းသာကွာဟမှုတွေ၊ အခုဆိုရင် မြို့ကြီးတွေနဲ့ ကျေးလက်ဒေသအကြား ကွာဟမှုတွေ ပိုပြီးတော့ ဖြစ်လာတယ်ပေါ့နော်။ ဆိုတဲ့အတွက်ကြောင့် လူတန်းစားမညီမျှမှုက ပိုပြီးတော့ ကြီးထွားလာနိုင်တယ်။ ဒါဆိုရင် တကယ့်ကို အဘက်ဘက်က ချွတ်ခြုံကျနေတဲ့ တိုင်းပြည်မှာ လူမှုတရားမျှတမှု ရောင်ခြည်သန်းဖို့ဆိုတာ တကယ့်ကို အဝေးကြီးမှာပဲ ဖြစ်နေပါလိမ့်မယ်ဆိုတာကို ပြောကြားရင်းနဲ့ ကျမတို့ရဲ့ ဆွေးနွေးမှုကို နိဂုံးချုပ်ချင်ပါတယ်ရှင့်။

ISP နှင့်အတူ မိနစ် ၃၀
**30 MINUTES with the ISP**



အင်ကြင်းမေ
Program Head
ISP Communications Department
အခမ်းအနားမှူး

ဟုတ်ကဲ့ပါ။ ဒီနေ့အစီအစဉ်မှာ ကျမတို့ အချိန်အကန့်အသတ်ကြောင့် မဖြေလိုက်ရတဲ့ မေးခွန်းတွေရှိတယ်ပေါ့နော်။ အဲဒါတွေကို နောက်ပိုင်းမှာ Email ကနေတဆင့် ပြန်လည်ဖြေကြားပေးသွားပါ့မယ်ရှင့်။ ဒီ Chat မှာလည်း ပို့ထားလို့ရပါတယ်။ ပြီးတော့ ISP-Myanmar ရဲ့ website နဲ့ social media channel တွေမှာလည်း comment အနေနဲ့ရေးပြီးတော့ မေးထား ▶

လို့ရပါတယ်ရှင့်။ အခုအစီအစဉ်ကို တက်ရောက်လာကြတဲ့ ကပြင်ရပ်ဝန်းသူ၊ ရပ်ဝန်းသားများ အားလုံးကို အထူးပဲကျေးဇူးတင်ရှိပါတယ်။ panelist တွေကိုလည်း ကျေးဇူးတင်ပါတယ်။ ကြည့်ရှုနေတဲ့ ပရိသတ်တွေကိုလည်း ကျေးဇူးတင်ရှိပါတယ်ရှင့်။ ဆက်လက်ပြီးတော့ 'ISP နှင့်အတူ မိနစ် ၃၀' အစီအစဉ်ကို ပုံမှန်လုပ်ဆောင်သွားဖို့ရှိတဲ့အတွက်ကြောင့်မို့လို့ နောက်နောင်မှာလည်း ပါဝင်အားပေးကြအုံးလို့ ကျမတို့ ဖိတ်မန္တက ပြုအပ်ပါတယ်ရှင်။ ဒီနေ့ပွဲမှာ တင်ပြသွားတဲ့ သုတေသနတွေအပြင် ISP က ထုတ်ဝေနေတဲ့ အခြားသုတေသနတွေကို ISP-Myanmar ရဲ့ website ဖြစ်တဲ့ www.ispmyanmar.com နဲ့ ISP-Myanmar ရဲ့ social media channel တွေမှာ အခမဲ့ ဝင်ရောက်လေ့လာလို့ရတယ်ဆိုတာကို ပြောကြားရင်းနဲ့ ဒီနေ့အစီအစဉ်ကို နိဂုံးချုပ်ချင်ပါတယ်ရှင့်။ ■

အခုအစီအစဉ်ရိုက်ကူးမှုကို ၂၀၂၄ ခုနှစ် ဇူလိုင် ၁၄ ရက်မှာ လုပ်ခဲ့ပြီး
ISP ကပြင် ရပ်ဝန်းသူ ရပ်ဝန်းသားတွေက အွန်လိုင်းကတဆင့် ပါဝင်တက်ရောက်ခဲ့ကြပါတယ်။
'ISP ကပြင်ရပ်ဝန်း' အဖွဲ့ဝင်ဖြစ်ချင်တယ်ဆိုရင် 'လူမျိုး၊ ဘာသာ၊ ကျား/မ လိင်ခံယူမှု၊
နိုင်ငံရေးအမြင်မတူမှု စတာတွေအပေါ် ချိုးနှိမ်ခွဲခြား စော်ကားတဲ့ အမုန်းစကား မပြောရဘူး'ဆိုတဲ့
စည်းကမ်းကို လိုက်နာဖို့ကလွဲပြီး ကုန်ကျစရိတ်မရှိ အခမဲ့ (အခမဲ့) ချိတ်ဆက်နိုင်ပါတယ်။

JOIN US HERE!

# နောက်ဆက်တွဲမေးခွန်းနှင့် ဖြေဆိုချက်များ

၂၀၂၄ ခုနှစ် ဇူလိုင် ၁၄ ရက်တွင် ပြုလုပ်ခဲ့သော 'ISP နှင့်အတူ မိနစ် ၃၀' အစီအစဉ် မစတင်မီ Email မှတဆင့် မေးမြန်းခဲ့သော မေးခွန်းများနှင့် အစီအစဉ်ပြုလုပ်ချိန်အတွင်း စာဖြင့်ရေးသား မေးမြန်းခဲ့သော မေးခွန်းများအား ပြန်လည်ဖြေဆိုထားခြင်း ဖြစ်ပါသည်။

**လက်ရှိဖြစ်ပေါ်နေသော ၁၀၂၇ စစ်ဆင်ရေးကြောင့် စစ်ဆင်ရေး အပိုင်းတွေမှာ စစ်မှုထမ်းဥပဒေပါ လူငယ်တွေ ပါရှိလာတယ်လို့ သိထားပါတယ်။ စစ်ကောင်စီရဲ့ ကတိမတည်မှုတွေနဲ့ တဖက်မှာ (EAOs တွေရဲ့)နယ်မြေစိုးမိုးမှုတွေ တိုးလာတဲ့အတွက် စစ်ကောင်စီရဲ့စစ်မှုထမ်းဥပဒေဟာ (EAOs တွေရဲ့) စိုးမိုးနယ်မြေတွေမှာ ပျက်သွားနိုင်ပါသလား။**

ဟုတ်ကဲ့ပါရှင့်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAOs) တွေရဲ့ နယ်မြေစိုးမိုးမှု တိုးလာတဲ့အတွက် အဲဒီဒေသတွေမှာတော့ စစ်ကောင်စီက ပြည်သူ့စစ်မှုထမ်းဥပဒေကို အသက်သွင်းအကောင်အထည်ဖော်ဖို့တော့ ခက်ခဲမယ် ထင်ပါတယ်။ စစ်ကောင်စီထုတ်ပြန်ချက်အရ ပြည်သူ့စစ်မှုထမ်းဥပဒေအတွက် အပတ်စဉ်တခုချင်းမှာ လူငါးထောင်စုပြီး တနှစ်အတွင်း လူခြောက်သောင်းစုနိုင်ဖို့ ရည်မှန်းထားတယ်လို့တော့ သိရပါတယ်။ ပုံမှန်အားဖြင့် တလကို လူငါးထောင်နှုန်း စုဆောင်းနေပုံပါပဲ။ ဒါနဲ့တဆက်တည်း ပြည်သူ့စစ်မှုထမ်းဥပဒေကို အကောင်အထည်ဖော်နေတဲ့ မြို့နယ်အများစုကို လေ့လာကြည့်မယ်ဆိုရင် အများစုဟာ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်းနဲ့ ရန်ကုန်တိုင်းတို့လိုမျိုး လူဦးရေများပြီး နယ်မြေတည်ငြိမ်မှုရှိနေသေးတဲ့ တိုင်းဒေသကြီးတွေမှာ ပိုစုဆောင်းနေတာ တွေ့ရပါတယ်။ ဒီပုံစံအတိုင်းသာဆိုရင် စစ်ကောင်စီ အဓိကစိုးမိုးထားတဲ့ တိုင်းဒေသကြီးတွေမှာပဲ အဓိကစစ်သားစုဆောင်းနေတာဖြစ်ပါတယ်။ အဲဒါကြောင့် တခြားလက်နက်ကိုင်တပ်ဖွဲ့တွေ စိုးမိုးထားတဲ့ နယ်မြေတွေမှာ စစ်ကောင်စီက လူသစ်စုဖို့ ခက်နိုင်ပါတယ်။ ဒါပေမဲ့ သတိပြုသင့်တာကတော့ EAOs အဖွဲ့တိုင်းမှာလည်း လူသစ်စုဆောင်းတဲ့ လုပ်ဆောင်ချက်တွေ ရှိနေတာကြောင့် EAOs စိုးမိုးနယ်မြေတွေမှာရှိတဲ့ လူငယ်လူရွယ်တွေအပြင် တချို့ဒေသတွေမှာဆိုရင် အရွယ်မရောက်သေးတဲ့ ကလေးတွေအပေါ်မှာတောင် သက်ရောက်မှု ရှိနေနိုင်ပါတယ်။

**စစ်မှုထမ်းဥပဒေက အဓမ္မစေခိုင်းမှုဥပဒေနဲ့ ငြိစွန်းပါလား။ UN က အရေးယူလို့ရမယ် ထင်ပါတယ်။**

အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (ILO) က အဓမ္မလုပ်အားခိုင်းစေမှုနဲ့ ကလေးစစ်သားကိစ္စတွေနဲ့ပတ်သက်လို့ မြန်မာနိုင်ငံကို အထူးထောက်ပြ ဝေဖန်နေခဲ့ပါတယ်။ အထူးသဖြင့် ILO အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် ၈၇ (လွတ်လပ်စွာ အသင်းအပင်း ဖွဲ့စည်းခွင့်)နဲ့ ၂၉ (အဓမ္မလုပ်အားခိုင်းစေမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်) ကို ချိုးဖောက်နေတာကြောင့် စုံစမ်းစစ်ဆေးရေးကော်မရှင်တရပ် ဖွဲ့စည်းစေပြီး တွေ့ရှိချက်တွေကို ၂၀၂၄ ခုနှစ် မတ် ၁၁ ရက်မှာ ထုတ်ပြန်ခဲ့ပါတယ်။ စစ်ကောင်စီက ဒီကိစ္စတွေကို ကျေလည်အောင် မဖြေရှင်းနိုင်ရင် အရေးယူခံရမယ့်ပြဿနာတွေ ရှိနေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အခုလိုမျိုး စစ်ရေး၊ နိုင်ငံရေးပဋိပက္ခတွေ ဖြစ်ပွားနေတဲ့အချိန် စစ်ကောင်စီက ပြည်သူ့စစ်မှုထမ်းဥပဒေကို အသက်သွင်းလာတာ ဖြစ်ပါတယ်။ စစ်မက်ပဋိပက္ခဖြစ်တဲ့အချိန်မျိုးတွေမှာ ပါဝင်ဘက်အသီးသီးအနေနဲ့ နိုင်ငံတကာ ဥပဒေစံချိန်စံညွှန်းတွေကို အလေးထားဦးစားပေးပြီး လုပ်ဆောင်တာမျိုး မြင်ရဖို့ ခဲယဉ်းပါတယ်။ ဒီအခြေအနေမှာ လုပ်နိုင်တာကတော့ ဘယ်သူကပဲ ကျူးလွန်ကျူးလွန် ဥပဒေနဲ့မညီတာတွေကို သက်သေအထောက်အထား မှတ်တမ်းမှတ်ရာ ပြုစုထားပြီး နောင်တချိန်မှာ အရေးယူဆောင်ရွက်နိုင်ဖို့ ပြင်ဆင်ထားနိုင်ပါတယ်။ အခုဆို ပြည်သူ့စစ်မှုထမ်းဥပဒေကို အကြောင်းပြုပြီး အတင်းအကျပ်ငွေတောင်းခံတာ၊ ငွေညှစ်တာနဲ့ ခြိမ်းခြောက်တာတွေကို ပိုမိုပြီး လုပ်ဆောင်နေတာကိုလည်း စစ်တမ်းအချက်အလက်တွေအရ သိရှိထားပါတယ်။

**သေမြေကြီး ရှင်ရွှေထီး အဆုံးစွန်ထိ ရက်စက်မယ့်သဘောရှိတဲ့ စစ်ကောင်စီကို ပြည်သူတွေကရော အလားတူခံယူချက်နဲ့ တုံ့ပြန်မယ့်သဘောရှိလား။ တော်လှန်ရေးအဖွဲ့တွေကြောင့်/စစ်ကောင်စီရဲ့ ရက်စက်မှုတွေကြောင့် ပြည်သူတွေရဲ့အာရုံကို ထွေပြားယိမ်းယိုင်သွားစေတဲ့ လက္ခဏာမျိုးတွေ ရှိနေပြီလား။**

အခုချိန်မှာ ပြည်သူတွေအနေနဲ့ ဖြစ်လာသမျှကို ကြံ့ကြံ့ခံ ရင်ဆိုင်ပြီး ဖြတ်သန်းဖို့ ပြင်ဆင်ထားကြပေမဲ့ ကိုယ်ရော၊ စိတ်ပါ မလုံခြုံမှုတွေပိုပြီး ဖြစ်လာတာတော့ သေချာပါတယ်။ တဖက်မှာလည်း လက်နက်ကိုင်ထားသူ အချင်းချင်းကြားမှာ ပွတ်တိုက်မှုတွေကို ပိုလို့ တွေ့ရပါတယ်။ ဒီလိုမျိုး တိုက်ခိုက်မှုတွေကြောင့် ပြည်သူတွေအနေနဲ့ နေရပ်စွန့်ခွာထွက်ပြေးရတာ၊ အိမ်မီးရှို့ခံရတာ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲတာ၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုမရှိတာ စတဲ့ အဘက်ဘက်က ဆိုးကျိုးသက်ရောက်မှုတွေ ပိုပြီး မြင့်တက်လာတာကိုလည်း မြင်နေရပါတယ်။ ခုလိုမျိုး ပြည်သူလူထုကို ပစ်မှတ်ထားတိုက်ခိုက်မှုတွေက ပေါင်းစည်းအပြစ်ပေးမှု (collective punishment) သဘောဆန်ပါတယ်။ မလုပ်ရပါဘူး။ တိုက်ပွဲတွေမှာ လိုအပ်တာထက်ပိုတဲ့ အင်အားသုံးမှု၊ အကြမ်းဖက်မှု၊ လူ့အခွင့်အရေး ချိုးဖောက်မှုတွေအပေါ် မူတည်ပြီး စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်တရပ်လုံးအပေါ် ကျူးလွန်ချိုးဖောက်မှုတွေအထိ ဖြစ်ပေါ်နိုင်ပါတယ်။ ဒီလိုကျူးလွန်မှုတွေအတွက် တာဝန်ယူ တာဝန်ခံမှုလည်း တချိန်မှာ ဖြစ်ပေါ်လာမှာပါ။ ■

ISP နှင့်အတူ မိနစ် ၃၀

# 30 MINUTES with the ISP

ISP ကပြင်ရပ်ဝန်းသူ၊ ရပ်ဝန်းသားတွေ ပါဝင်ဆွေးနွေးခွင့်ရှိမယ့် **‘ISP နှင့်အတူ မိနစ် ၃၀’** အစီအစဉ်ကို ၂၀၂၄ ခုနှစ် ဧပြီ ၆ ရက်မှာ စတင်ပြုလုပ်ခဲ့ပါတယ်။ စစ်အာဏာသိမ်းပြီး သုံးနှစ်အထိ မြန်မာ့အရေးမှာ လောလောဆယ်ဖြေရှင်းရမယ့် အရေးပေါ်ကိစ္စ (emergency) နဲ့ မတရားမှုတွေကို တွန်းလှန်ရာမှာ ကျောချင်းကပ် သွေးစည်းညီညွတ်ကြောင်းပြရမယ့်ကိစ္စ (solidarity) နှစ်ရပ်သာ သဘာဝကျစွာ အဓိကအာရုံစိုက်စရာတွေ ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ပိုင်းခြားစိတ်ဖြာသုံးသပ်မှုနဲ့ ဆွေးနွေးဆင်ခြင်ခြင်း၊ အမြင်ဖလှယ်ခြင်း ‘သန္နိပါတ’ (analysis and deliberation) က ကိစ္စညာဏ် အားနည်းခဲ့ပါတယ်။ စစ်ကောင်စီရဲ့ ဖိနှိပ်မှုအောက်မှာ ပျောက်ဆုံးခဲ့ရတဲ့ လွတ်လပ်စွာဖော်ထုတ်ခွင့်နဲ့ တိုင်းပြည်ရဲ့ ပဋိပက္ခမီး၊ ဝမ်းတထွာအရေး၊ ကပ်ဘေးတွေကြောင့် ပြည်တွင်းက မြန်မာနိုင်ငံသားတွေအတွက် ပိုင်းခြားဆင်ခြင်ဖို့ အချက်အလက်ရရှိမှုနဲ့ အလေ့အထလုပ်ရမယ်ဆိုတဲ့ ဒီကိစ္စညာဏ်ဟာ အခွင့်အလမ်း နည်းပါးခဲ့ရပါတယ်။ အခြားတဖက်မှာလည်း အမြင်မတူတာနဲ့ ‘ရန်သူ့လူ’တံဆိပ် တန်းကပ်တဲ့ခလေ့၊ ဝိုင်းပြီးဆွမ်းကြီးလောင်း ကန့်သတ်ဖယ်ထုတ်တဲ့ခလေ့ (cancel culture) တွေကြောင့် လွတ်လပ်တဲ့ အမြင်၊ အယူအဆ ရှိသူတွေဟာ ကိုယ့်ကိုယ်ကိုယ် ဆင်ဆာလုပ်လာကြပါတယ်။ ကိုယ့်အလို၊ အပြော၊ အလုပ်တွေကို ဖုံးကွယ်ရပ်ဖျက်တာ (preference falsification) က ကျင့်ထုံးတခုလိုဖြစ်လာပြီး နိုင်ငံရေးမှာ မပြောရမဆိုရ (taboo) တွေ ပိုတိုးလာပါတယ်။

ဖိနှိပ်မှု၊ ဆင်းရဲခေါင်းပါးမှုနဲ့ အမြင်အယူအဆကို အရင်းခံအတိုင်း ထုတ်ဖော်မပြောဝံ့မှုတွေကြောင့် မတူကွဲလွဲတဲ့အမြင်တွေ ရှင်သန်ခွင့် အားနည်းခဲ့ပါတယ်။ အယူအဆတခုကို အမှန်၊ အမှား စောကြောသုံးသပ်ပြီး အပြန်အလှန်ဆွေးနွေးငြင်းခုံမှုတွေ အားနည်းလာကြပါတယ်။ အနာနဲ့ဆေး တည့်၊ မတည့် စမ်းသပ်ဆန်းစစ်ခွင့် နည်းပါးလာပါတယ်။ သိမှုကတုတ်ကျင်းတူးပြီး မရွေ့မပြောင်းအုတ်မြစ်ချထားတာမျိုးအပြင် အွန်လိုင်းစကားဝိုင်းအများစုဟာလည်း အမြင်တူသူတွေစုဖွဲ့ပြီး နာရီနဲ့ချီ အချိန်အကြာကြီးပြောကြတဲ့ ပုံစံစတိုင်တွေ ပိုများလာတာ၊ နားထောင်သူတွေမှာ အချက်အလက်သစ်၊ အတွေးသစ်မတိုးဘဲ ငြီးငွေ့စရာဖြစ်လာပါတယ်။ တိုင်းပြည်မှာ ‘သန္နိပါတ’လိုအပ်နေပေမဲ့ ပရိသတ်နည်းသွားလို့ ဆွေးနွေးပွဲတွေနည်းလာတာ သတိပြုမိပါတယ်။

ဒီအခြေအနေတွေကနေ ဖောက်ထွက်နိုင်ဖို့ အားထုတ်မှုတခုအဖြစ် **‘ISP နှင့်အတူ မိနစ် ၃၀’** အစီအစဉ်ကို စတင်ခဲ့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ လွတ်လပ်စွာကွဲလွဲမှုနဲ့ အမြင်မတူညီမှုအပေါ် သည်းခံနိုင်စွမ်းကိုအားပေးတဲ့၊ သုတေသနအခြေခံတဲ့၊ အများပြည်သူလူထုရဲ့ အကျိုးစီးပွားကို မျက်ခြည်မပြတ်တဲ့ သိမှုဝန်းကျင် (epistemic community) တရပ် ပေါ်ထွန်းရေးကို တထောင့်တနေရာကနေ ထမ်းဆောင်ချင်လို့ပါပဲ။ **ဒီအစီအစဉ်ဟာ စည်းရုံးသွေးဆောင်ဖို့ထက် မျှဝေဖို့ကို ပိုအားထုတ်ပါတယ်။ သုတေသနတွေ့ရှိထားသမျှကို ရိုးရိုးသားသား တင်ပြမယ်၊ သိလိုစိတ်ကို နှိုးဆွမယ်။ ဒီလိုဆောင်ရွက်ရာမှာ လက်ခံယုံကြည်ထားတာတွေကို မပြောင်းမလဲ အခိုင်အခံ့ပြုတာထက် လက်ခံယုံကြည်ထားတာတွေကို တဆင့်ထက်တဆင့် မြင့်သထက်မြင့် ပိုမိုကောင်းမွန်လာအောင် အားထုတ်ခြင်းဖြင့် လေ့လာသင်ယူမှုကို မြှင့်တင်ပါမယ်။ ပညာပြာသာဒ် တည်ပါမယ်။** ISP-Myanmar က ခံယူထားတဲ့ အသိပညာနဲ့ပတ်သက်လို့ တည်ကြည်မှု (integrity) ဟာ ဆိုခဲစေမြဲစေ၊ ရှေ့နောက်ညီစေ ဆိုတာမျိုးမဟုတ်ပါဘူး။ သိမှုအပေါ်မှာ ရိုးသားတာပါ။ သိမှုကို အချက်အလက်အထောက်အထားနဲ့ အမြဲဆန်းစစ်နေပြီး မှားရင်ပြင်၊ လိုရင်ထပ်ဖြည့်၊ အသစ်တွေ့ရှိချက်တွေကို ပေါင်းစပ်ပြီး တိုင်းပြည်အတွက် သိမှုအားကောင်းအောင် ဆောင်ရွက်ဖို့ စိတ်နှလုံးကိုဖွင့်ထားပြီး ရိုးသားတာမျိုးဖြစ်ပါတယ်။

ဒီလို မျှော်မှန်းချက်တွေ ပေါက်မြောက်အောင်မြင်ရေးအတွက် အကြောင်းအရာပိုင်းမှာ **‘မဖြစ်မနေစောင့်ကြည့်ရမယ့်ပွဲ’** (a must-watch show) ဖြစ်ဖို့ စီစဉ်ပါမယ်။ စတိုင်မှာလည်း အချက်အလက်မပါဘဲ တမေ့တမြောကြီး လန်ဘားကျောက်တံတား လျှောက်ပြောနေလို့ မဖြစ်ပါဘူး။ ပရိသတ်ရဲ့စဉ်းစားဉာဏ်ကို အထင်သေးစော်ကားနေတာမျိုး မဖြစ်ရပါဘူး။ ရေပန်းစား၊ ပွဲဆူရေးဖြစ်ဖို့ မဟုတ်ပါဘူး။ **‘ISP နှင့်အတူ မိနစ် ၃၀’ အစီအစဉ်မှာ ပထမ ၁၅ မိနစ်က သုတေသနအချက်အလက်တွေကို တင်ပြပါမယ်။ ကျန် ၁၅ မိနစ်က စဉ်းစားဖွယ်မေးခွန်းတွေ၊ ဆက်လက်ငြင်းခုံမှုတွေအတွက် တံခါးဖွင့်ထားမှာပါ။ အရေးကြီးဆုံးကတော့ ဆွေးနွေးပွဲနားထောင်ပြီးပြန်သွားရင်၊ ရုပ်သံဖွင့်နားထောင်လိုက်လို့ အချိန် မိနစ် ၃၀ ပြည့်သွားရင် အလဟဿ ဖြစ်မသွားစေရဖို့ အာမခံပါတယ်။ စဉ်းစားတွေးတောစရာတခုခု ရသွားနိုင်အောင် ကြိုးစားအားထုတ်ပါမယ်။** ISP-Myanmar ဘက်မှာလည်း တင်ပြစရာအချက်အလက်တွေအပြည့်၊ ကပြင်ရုပ်ဝန်းသူ၊ ရုပ်ဝန်းသားတွေမှာလည်း မိနစ် ၃၀ ပြီးသွားတာနဲ့ သုံးသပ်ဆန်းစစ်ချင်စရာတွေ ပြီးမသွားဘဲ တစိမ့်စိမ့် ဆင်ခြင်ခြင်းအပြည့်နဲ့ ပြန်သွားရတာမျိုးကို ထိုက်ထိုက်တန်တန် အကျိုးဖြစ်စေချင်ပါတယ်။

Institute for Strategy and Policy-Myanmar
+66 80 747 9712
PO Box 149, Chiang Mai University PO, Chiang Mai, 50202.
info@ISPMyanmar.com
www.ISPMyanmar.com